မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်၊ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီ ၂၉ ရက်၊ စနေနေ့၊ အတွဲ (၄၂)၊ အမှတ် (၁၂၁)

ပြည်ထောင်စုစိတ်ဓာတ် အစဉ်ထာဝရကိန်းအောင်း

ပြည်ထောင်စုကြီးအတွင်း ညီရင်းအစ်ကို မောင်ရင်းနှမ စိတ်ဓာတ်နှင့် သေတပန်သက်တဆုံး အေးအတူ ပူအမျှ သုခ၊ ဒုက္ခများ မျှဝေခံစားပြီး ဥမကွဲသိုက်မပျက် အတူတကွ မခွဲမခွာ လက်တွဲ ပူးပေါင်းနေထိုင်သွားကြမည်ဆိုသည့် ပြည်ထောင်စုစိတ်ဓာတ် အစဉ်ထာဝရကိန်းအောင်း ထွန်းကားပြန့်ပွားနေရန် လိုအပ်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ)သင်တန်း အမှတ်စဉ် (၃၆) မှ သင်တန်းသား သင်တန်းသူများအား သြဝါဒစကား မြွက်ကြားစဉ်။

(သတင်းစဉ်)

ကိုလိုနီနယ်ချဲ့ဆိုးမွေကင်းရှင်းသော ခေတ်မီနိုင်ငံတော်ကြီးတည်ဆောက်နိုင်ရေး လက်ရှိအခြေအနေနှင့် ကိုက်ညီသည့်အမျိုးသားရေးမူဝါဒနှင့် ဦးတည်ချက်များချမှတ်ကြိုးပမ်းခဲ့ နိုင်ငံတော်၏မွန်မြတ်သောစေတနာနှင့် မှန်ကန်သည့်မူဝါဒ တိုင်းရင်းသားအားလုံးသိမြင်ပြီးပူးပေါင်းပါဝင်လာ

ယနေ့ဆိုလျှင် နယ်စပ်ဒေသများပါမကျန် ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများဖြစ်ထွန်းနေပြီ ရရှိပြီးဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ သားစဉ်မြေးဆက်ထိန်းသိမ်းသယ်ဆောင်မြှင့်တင်

ရန်ကုန် ဇန်နဝါရီ ၂၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ)သင်တန်း အမှတ်စဉ်(၃၆)မှ သင်တန်းသား သင်တန်းသူများက ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံ မင်္ဂလာခန်းမ၌ တွေ့ဆုံဂါရဝပြုပြီး သြဝါဒခံယူကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ ✡

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်)

ဆေးပညာရပ်များကို ထိထိရောက်ရောက် အသုံးချ ပြည်သူများ ကျန်းမာရေး တိုးမြှင့်ဆောင်ရွက်ပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံသူနိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်စေရန်အတွက် မြို့ပြနှင့်ကျေးလက်ဒေသများသာမက နယ်စပ်ဒေသများရှိ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို တိုးချဲ့မြှင့်တင်ဆောင်ရွက်ပေးလျက် ရှိသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ပြည်နယ်နှင့်တိုင်းများအတွင်းရှိ ဆေးရုံအသီးသီးတွင် ခေတ်မီပစ္စည်းကိရိယာများ တပ်ဆင်ပေးခြင်း၊ ဆေးရုံ၊ ဆေးပေးခန်းများ တိုးချဲ့ဆောက်လုပ်ပေးခြင်း၊ ဆရာဝန်များ၊သူနာပြုများ သာမက သွားဘက်ဆိုင်ရာ ဆရာဝန်များကိုပါ တိုးချဲ့ခန့်ထားပေးလျက် ရှိသည်။

ထို့အပြင် ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးစီမံချက်များ ရေးဆွဲချမှတ်ကာ ဆေးတက္ကသိုလ်၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ သင်ကြားရေး အထောက်အကူပြုပစ္စည်းများ ဖြည့်တင်းပေးခြင်း၊ ကျောင်းသူ ကျောင်းသားဦးရေ တိုးချဲ့လက်ခံ၍ သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက် ရှိသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားပြည်သူအားလုံး၏ ၇၀ရာခိုင်နှုန်းခန့်သည် ကျေးလက်နေပြည်သူများဖြစ်ကြရာ နိုင်ငံတော်အစိုးရက ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်မှု ငါးနှစ်စီမံကိန်းကို နိုင်ငံတော်တစ်ဝန်းလုံးတွင် အကောင်အထည်ဖော်လျက် ရှိသည်။

ယင်းဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ကျေးလက်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ပေးရေးကဏ္ဍ၌ ကျေးလက်နေပြည်သူများအတွက် ပဏာမသွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးလျက် ရှိသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အမျိုးသားကျန်းမာရေးစီမံကိန်းတွင် ပြည်သူများ၏ သွားနှင့်ခံတွင်း ကျန်းမာရေးအဆင့်အတန်း တိုးတက်ရေးအတွက် ပဏာမသွားနှင့်ခံတွင်း ကျန်းမာရေးလုပ်ငန်းစီမံချက်ကို ထည့်သွင်းရေးဆွဲပြီး ၁၉၉၁ခုနှစ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါမြို့နယ်ပေါင်း ၈၇မြို့နယ်၌ အဆိုပါစီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသည်။

ယင်းစီမံချက်အရ ကျေးလက်ကျန်းမာရေးဌာနမှ အခြေခံကျန်းမာရေး ဝန်ထမ်းများကို ကျေးလက်နေပြည်သူများ၏ ပဏာမသွားနှင့်ခံတွင်းကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ လေ့ကျင့်ပေးခြင်းနှင့် နိုင်ငံ့ဝန်ထမ်းနှင့် ဝန်ထမ်းမဟုတ်သော သွားဘက်ဆိုင်ရာ ဆရာဝန်များက ကျေးလက်ဒေသများသို့ သွားရောက်၍ ကွင်းဆင်းကုသပေးခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက် ရှိသည်။

ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ပေးသည့်အခန်းကဏ္ဍ၌ ပြည်သူများအား သွားနှင့်ခံတွင်း စောင့်ရှောက်မှုပေးမည့် ဆရာဝန်ဦးရေလိုအပ်မှုကို ဖြည့်ဆည်းပေးနိုင်စေရန် မကြာမီကာလတွင် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)နှင့် ပူးတွဲသင်ကြားရေး ဆေးရုံသစ်ကြီးတစ်ခု ပေါ်ထွန်းလာတော့မည်ဟု ကြားသိရသည်။

ယင်းသင်ကြားရေး ဆေးရုံသစ်တွင် သွားနှင့်မျက်နှာ၊ မေးရိုး၊ ခံတွင်းခွဲစိတ်ကုသမှုများ၊ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများ ခွဲစိတ်ကုသမှုတို့ကို ဆောင်ရွက်သွားနိုင်မည်ဖြစ်၍ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးအတွက် အားတက်ဖွယ်ရာ တိုးတက်ဖြစ်ထွန်းမှုများပင် ဖြစ်သည်။

ထို့အပြင် သွားဘက်ဆိုင်ရာ ဆေးပညာအဆင့်အတန်းမြင့်မားတိုးတက်စေရေးအတွက် သွားဘက်ဆိုင်ရာ မဟာသိပ္ပံဘွဲ့သင်တန်းများ၊ သွားဘက်ဆိုင်ရာဆေးပညာ ဒီပလိုမာ တစ်နှစ်သင်တန်းများ၊ မျက်နှာ၊ မေးရိုးနှင့် ခံတွင်းခွဲစိတ်ကုသမှုပါရဂူဘွဲ့သင်တန်း၊ သွားတုဆေးပညာပါရဂူဘွဲ့သင်တန်းများကို ဂုဏ်ယူဝမ်းမြောက်ဖွယ် တိုးမြှင့် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

သို့ဖြစ်ရာ သွားဘက်ဆိုင်ရာ ဆရာဝန်များအားလုံးက နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့် ဆေးပညာရပ်များကို ထိထိရောက်ရောက် အသုံးချပြီး တိုင်းရင်းသားပြည်သူများ၏ သွားနှင့်ခံတွင်း ကျန်းမာရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသား လိုက်ရပါသည်။ ။

မြဝတီ ရုပ်မြင်သံကြား

၂၉-၁-၂၀၀၅
(စနေနေ့)
နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော်

“ဘဒ္ဒေ ကရတ္တသုတ်”

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၀ ၄။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၃၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၅ ၇။ မျိုးချစ်တပ်မတော်
၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Problems of philosophy, The nature and scopr of philosophy. (တတိယနှစ်ဒဿနိကအထူးပြု)
၅း၃၀ ၉။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၅။ လျှပ်တစ်ပြက်
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း

“ငယ်ချစ်ဦး”

(အပိုင်း-၆)

၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ မြန်မာ့ရှုခင်း
၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၁။ °FA Cup ဘောလုံးပွဲ Arsenal Vs Wolverhamptom °Wanderers

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ယွန်းပညာကောလိပ် ဒီပလိုမာ ပေးအပ်ပွဲ ကျင်းပ ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်း တက်ရောက်ဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၂၈

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၂၄ ရက်က ညောင်ဦးမြို့ ယွန်းပညာကောလိပ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် ယွန်းပညာကောလိပ်၏ ပဉ္စမအကြိမ် ယွန်းပညာဒီပလိုမာ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

အစီအစဉ်အရ ပညာရည်ချွန်ဆုရရှိသော ယွန်းပညာ ဒီပလိုမာသင်တန်းမှသင်တန်းသူ သုံးဦးအား ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက ဆုများပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)**

ဆက်လက်၍ ဒီပလိုမာလက်မှတ်ရရှိကြသော ကျောင်းသား ကျောင်းသူ ၃၇ ဦးနှင့် ဘွဲ့လွန် ယွန်းပညာ ဒီပလိုမာရရှိသူ လေးဦးတို့အား ယွန်းပညာကောလိပ် ကျောင်းအုပ်ကြီး ဦးသောင်းလင်းက ဒီပလိုမာလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ယွန်းပညာကောလိပ် သင်တန်းသား သင်တန်းသူများပြုလုပ်ထားသော ယွန်းထည်ပစ္စည်းများနှင့် ယွန်းပန်းချီကားများ၊ ဘွဲ့လွန်ဒီပလိုမာ လက်မှတ်ရကျောင်းသားများ၏ ယွန်းပညာ စာတမ်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် မိတ္ထီလာမြို့ရှိ မော်တော်ယာဉ်နှင့်စက်ပစ္စည်းများပြင်ဆင်ရေး သမဝါယမအသင်းလီမိတက်၏ စက်ရုံ၌ယာဉ်အပိုပစ္စည်းများထုတ်လုပ်မှုနှင့် သံထွန်သွား ထုတ်လုပ်မှုများ၊ မော်တော်ယာဉ်ပြင်ဆင်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး သမဝါယမအသင်းမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်းတို့သည် တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းတွင် မဟာအောင်မြေမြို့နယ် ၈၂ လမ်းနှင့် ၃၇ လမ်းထောင့်၌ ကျင်းပသည့် မန္တလေးတိုင်း အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုချုပ်၏ သိင်္ဂီရတနာ အခြေခံစားကုန်နှင့် ကုန်မျိုးစုံဆိုင် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

အဆိုပါ ကုန်မျိုးစုံလက်လီဆိုင်ကို အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိန်သန်း၊ မန္တလေးတိုင်း သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ဖြူနှင့် မန္တလေးတိုင်း သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌ ဦးဉာဏ်ဒင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဝန်ကြီး၊ မြို့တော်ဝန်နှင့် ဧည့်သည်တော်များသည် အသင်းဆိုင်အတွင်း ကြည့်ရှုစစ်ဆေးကြသည်။

(သတင်းစဉ်)

အလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

ရန်ကုန် ဇန်နဝါရီ ၂၈

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် ၈/တောင်ရပ်ကွက် အလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၇ ရက်က ၈/တောင်ရပ်ကွက် ရုံးခန်းမ၌ကျင်းပသည်။

စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင် ဦးစီးအရာရှိ ဦးညွန့်လှိုင်၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်အေးနှင့် ရပ်ကွက်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဒေါ်သိန်းလှတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

(ခရိုင် ပြန်/ဆက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (ဘီအီးဒီ) သင်တန်းအမှတ်စဉ် (၃၆)မှ သင်တန်းသား သင်တန်းသူများအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားတွင် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။ (သတင်းစဉ်)

✻ ကျောဖုံးမှ

တက်ရောက်

အဆိုပါဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေး ဦးစီးချုပ်(လေ)၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့(ဘီအီးဒီ) သင်တန်းအမှတ်စဉ်(၃၆) သင်တန်းသား သင်တန်းသူ လေ့လာရေးခရီးစဉ် စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အထူးဖိတ်ကြားထားသူများ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ပညာရေးဘွဲ့ (ဘီအီးဒီ)သင်တန်း အမှတ်စဉ်(၃၆)မှ သင်တန်းကြီးကြပ်သူ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ယဉ်ကျေးမှုအကပဒေသာဖြင့်ဖျော်ဖြေ

ဂုဏ်ပြုညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ် မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသံရှင်များက တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။ ညစာသုံးဆောင်အပြီးတွင် သဘင်ဆောင်၌ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ယဉ်ကျေးမှုအကပဒေသာတို့ဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

(သတင်းစဉ်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၁၉၈၈)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

မြန်မာ့ရုပ်မြင်သံကြား

၂၉-၁-၂၀၀၅
(စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်)ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၆။ အတီးပြိုင်ပွဲ
- ၈:၁၀ ၇။ တေးဂီတအစီအစဉ်
- ၈:၂၀ ၈။ ကျေးပင်အက်ရေလှောင်တမံ
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Grammar made Easy
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
- ၁၂:၁၅ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ပန်းမေတ္တာ"**(အပိုင်း-၆)
- ၁၂:၅၀ ၇။ မြစိမ်းရောင်ဘက်စုံ စိုက်ပျိုးမွေးမြူရေးစခန်း
- ၁၃:၀၅ ၈။ လောကနီတိ (၅) **"မေတ္တာအတိမ်အနက်ကို ချိန်စက်၍ကြည့်သောအခါ"** (ပိုင်ဇေရဲထွန်း၊ စည်သူတင်စိုး၊ လင်းဇာနည်ဇော်၊ ခင်ဇာခြည်ကျော်) ဒါရိုက်တာ-ခင်ဇော်
- ၁၄:၀၀ ၉။ တေးဂီတအစီအစဉ်
- ၁၄:၁၅ ၁၀။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၄:၃၀ ၁၁။ ကချင်ပြည်နယ် မိုးကောင်းတံတား
- ၁၄:၄၅ ၁၂။ International News
- ၁၅:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (သချာ်၊ ဓာတုဗေဒ၊ ရူပဗေဒအထူးပြုများ) (သချာ်)
- ၁၇:၁၅ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၁၇:၃၀ ၇။ အတီးပြိုင်ပွဲ
- ၁၇:၄၅ ၈။ **"ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ"** (လွင်မိုး၊မင်းမော်ကွန်း၊ ဇာနည်၊ ကင်းကောင်၊ စိုးမြတ်နန္ဒာ၊လုအဋ္ဌလီတင့်၊ကြည့်လဲ့လဲ့ဦး၊ဂွမ်းပုံ)
- ၁၇:၅၀ ၉။ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ်
- ၁၈:၀၅ ၁၀။ ချောင်းမကြီး(မြို့လှ) ရေလှောင်တမံ(ပဲခူးတိုင်း)
- ၁၈:၁၅ ၁၁။ တေးဂီတအစီအစဉ်
- ၁၈:၃၀ ၁၂။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၄။ Discovery
- ၁၉:၁၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ကြိုးသွယ်တဲ့လင်းပိုင်ငယ်"** (အပိုင်း-၄၉)
- ၁၉:၃၅ ၁၆။ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ်
- ၁၉:၄၅ ၁၇။ **ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရင့်သန် ခိုင်မာရန်မှာ ဒို့ဝန်တာ "မျိုးချစ်စိတ်ဓာတ်"**
- ၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်သံသရာ"** (အပိုင်း-၁၃)
- ၂၂။ နောက်တစ်နေ့အစီအစဉ်
- ၂၃။ အစီအစဉ်ပြီး၏။

နိုင်ငံခြားသားများ အလုပ်အကိုင်ရှာဖွေရန် တရုတ်နိုင်ငံ ရှန်ဟိုင်းသို့ ပိုမိုလာရောက်ခဲ့ကြ

ရှန်ဟိုင်း ဇန်နဝါရီ ၂၇

မကြာမီနှစ်များအတွင်း၌ အလုပ်အကိုင်ရှာဖွေရေးအတွက် ရှန်ဟိုင်းသို့ နိုင်ငံခြားသားများပိုမိုလာရောက်ခဲ့ကြသည်ဟုရှန်ဟိုင်းမြူနီစီပယ် အလုပ်သမားနှင့် လူမှုဖူလုံရေးအဖွဲ့ကပြောကြားသည်။

လက်ရှိအခြေအနေ၌စုစုပေါင်းနိုင်ငံခြားသား ၃၃၈၂၄ ဦး ရှန်ဟိုင်း၌အလုပ်လုပ်ကိုင်နေကြပြီး ၎င်းတို့အနက် ၁၅၅၃၇ဦးမှာ ၂၀၀၄ခုနှစ်တွင် အလုပ်လုပ်ကိုင်ခွင့်လက်မှတ်ကို ရှန်ဟိုင်းမြူနီစီပယ်အလုပ်အကိုင်နှင့် လူမှုဖူလုံရေးအဖွဲ့ထံမှ ရရှိခဲ့ကြရာ တစ်နှစ်ထက်တစ်နှစ် ၄၀ ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်လာကြောင်း ၎င်းအဖွဲ့က ပြောကြားသည်။ လွန်ခဲ့သည့်သုံးနှစ်အတွင်း ရှန်ဟိုင်း အခြေစိုက်နိုင်ငံခြားသားအလုပ်သမားအရေအတွက်သည် နှစ်ဆတိုးလာသည်ဟု ဆိုသည်။

အဆိုပါနိုင်ငံခြားသားအလုပ်သမားများမှာနိုင်ငံနှင့်ဒေသ ၁၁၂ခုမှဖြစ်ကြောင်း၊ ရှန်ဟိုင်းသို့ လူသားအရင်းအမြစ်အများဆုံးပေးသောထိပ်တန်း ၁၀ နိုင်ငံမှာ ဂျပန်၊ အမေရိကန်ပြည်ထောင်စု၊ တောင်ကိုရီးယား၊ စင်ကာပူ၊ ဂျာမနီ၊ မလေးရှား၊ ကနေဒါ၊ ပြင်သစ်၊ ဩစတြေးလျနှင့် ဗြိတိန်နိုင်ငံတို့ ဖြစ်ကြသည်။

၂၀၀၄ခုနှစ်အတွင်း ရှန်ဟိုင်းသို့လာရောက်ကြသည့် နိုင်ငံခြားသားအလုပ်သမား၁၅၅၇၃ဦးအနက် ၉၉၅၀ ခန့်သည်နိုင်ငံခြားငွေကြေးထောက်ပံ့သည့်ကုမ္ပဏီများ၌အလုပ်လုပ်ကိုင်ခဲ့ကြပြီး လက်ရှိ၂၂၀မှာ နိုင်ငံခြားငွေကြေး မထောက်ပံ့သောလုပ်ငန်းများ၌ အလုပ်လုပ်ကိုင်လျက်ရှိကြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

သွေးတိုးနှုန်း မြင့်မားသူများ အယ်လ်ဇိုင်းမား ရောဂါ ဖြစ်ပွားနိုင်

ဝါရှင်တန် ဇန်နဝါရီ ၂၆

သွေးတိုးနှုန်းများခြင်း၊ ကိုလက်စထရောများခြင်း၊ ဆီးချိုရောဂါဖြစ်ပွားခြင်း၊ ဆေးလိပ်အလွန်အကျွံသောက်ခြင်းသည် နောက်ပိုင်းတွင် အယ်လ်ဇိုင်းမားရောဂါဖြစ်ပွားခြင်းမှ စွန့်စားရမှုများတိုးလာစေမည်ဖြစ်ကြောင်း အမေရိကန်သုတေသနပညာရှင်များက တနင်္လာနေ့၌ ပြောကြားသည်။

လူတစ်ဦး တစ်ယောက်သည် အဆိုပါရောဂါများ ပိုမိုဖြစ်ပွားခဲ့လျှင် စွန့်စားရမှုများ တိုးလာမည်ဖြစ်ကြောင်း၊ စွန့်စားရမှုလေးမျိုးစလုံး ခံစားရသူများသည် မှတ်ဉာဏ်ချို့ယွင်းမှု ရောဂါခေါ် အယ်လ်ဇိုင်းမားဖြစ်ပွားမှုမှ စွန့်စားခြင်း နှစ်ဆရှိလာမည်ဖြစ်ကြောင်းသိရသည်။

ထိခိုက်

နှလုံးမကျန်းမာမှုသည် ဦးနှောက်ကို ထိခိုက်စေမည်ဖြစ်ကာ စွန့်စားရမှုများဖြစ်စေမည်ဖြစ်ကြောင်း အယ်လ်ဇိုင်းမားအသင်း သိပ္ပံနှင့်ဆေးဘက်ဆိုင်ရာသုတေသနဉက္ကဋ္ဌဒေါက်တာမာရီလင်း အယ်လ်ဘတ်က ပြောကြားသည်။

နှလုံးရှိသွေးကြောများ ထိခိုက်ခြင်းသည် ဦးနှောက် သွေးကြောများကို ထိခိုက်ခြင်းနှင့် အတူတူပင်ဖြစ်ကြောင်း အယ်လ်ဘတ်ကထပ်လောင်းပြောကြားသည်။

လေ့လာ

ကယ်လီဖိုးနီးယားမြောက်ပိုင်းတွင် နေထိုင်သူ အမျိုးသား၊ အမျိုးသမီး ၉၀၀၀ကို လေ့လာရာတွင် ဆီးချိုဖြစ်ပွားသူအသက် (၄၀)မှ(၄၅)နှစ်ရှိသူများသည် ရူးသွပ်ခြင်းဖြစ်စေရန် ၄၆ရာခိုင်နှုန်းရှိကြောင်း၊ကိုလက်စထရောများသူများသည် ၄၂ ရာခိုင်နှုန်း ရူးသွပ်စေနိုင်ကြောင်း၊ သွေးတိုးနှုန်းမြင့်မားသူများသည်၂၄ရာခိုင်နှုန်းရှိကြောင်း၊ဆေးလိပ်သောက်သူများသည် ၂၆ရာခိုင်နှုန်းဖြစ်ကြောင်း၊ ဆီးချိုရောဂါ၊သွေးတိုးနှုန်းမြင့်ပြီး ကိုလက်စထရောများသူက ဆေးလိပ်သောက်လျှင် ရူးသွပ်စေရန် နှစ်ဆအလားအလာရှိကြောင်း သိရသည်။ **အမ်အင်အေ၊ရိုက်တာ**

ကားအရောင်းပြပွဲ

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ ကားအရောင်းပွဲတော်တစ်ရပ်၌ ခင်းကျင်းပြသထားသော ကားများကို ဇန်နဝါရီ ၂၆ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဒီဂျစ်တယ်ကင်မရာများ ဗီယက်နမ်၌ ထုတ်လုပ်မည်

ဟန္နိုင်း ဇန်နဝါရီ ၂၇

ဆန်ညိုအိမ်သုံးပစ္စည်းဗီယက်နမ်ကော်ပိုရေးရှင်း (ဆန်ညိုဗီယက်နမ်) သည် ၂၀၀၅ခုနှစ် မေလ၌ ယင်း၏ ဒီဂျစ်တယ်ကင်မရာ ထုတ်လုပ်သည့် စက်ရုံမှနေ၍ ဒီဂျစ်တယ်ကင်မရာများ စတင်ထုတ်လုပ်ဖွယ်ရှိသည်။

ထုတ်နိုင်စွမ်း

ယင်းစက်ရုံမှနေ၍ ပထမနှစ်နှစ်အတွင်း ကင်မရာလုံးရေ တစ်သန်းနှစ်စဉ်ထုတ်လုပ်နိုင်စွမ်းရှိပြီး ၂၀၀၇ ခုနှစ်၌ ငါးသန်းထုတ်နိုင်စွမ်းရှိမည်ဖြစ်သည်။

ရင်းနှီးမြှုပ်နှံ

ဆန်ညိုဗီယက်နမ်သည် အဆိုပါစက်ရုံတွင် အမေရိကန်ဒေါ်လာ ၁၃ သန်း ရင်းနှီးမြှုပ်နှံထားပြီး စက်ရုံမှာ ဗီယက်နမ်တောင်ပိုင်း ဒွန်းနိုင်းပြည်နယ်ရှိ ဘင်ဟွာ(၂)စက်မှုလုပ်ငန်းဥယျာဉ်၌ တည်ရှိသည်။

ထုတ်လုပ်မည်

ယင်းကုမ္ပဏီသည် အဝတ်လျှော်စက်များနှင့် ရေခဲသေတ္တာများကဲ့သို့ အိမ်သုံးပစ္စည်းများကိုလည်း ထုတ်လုပ်မည်ဖြစ်သည်။

(အင်တာနက်)

အင်ဒိုနီးရှားတာယာထုတ်လုပ်တင်ပို့ရောင်းချမှု ဒေါ်လာသန်းငါးရာပိုးရောင်းချရန် ကြိုးပမ်းဆောင်ရွက်

ဂျကာတာ ဇန်နဝါရီ ၂၇

အင်ဒိုနီးရှားတာယာလုပ်ငန်းသည် အမေရိကန်ဒေါ်လာသန်းငါးရာဖိုးတင်ပို့ ရောင်းချရေးရည်မှန်းချက်သို့ ရောက်ရှိရေးကြိုးပမ်းချက်အဖြစ် ယခုနှစ်တွင် ၁၀ ရာခိုင်နှုန်း တိုးထုတ်ရန်ဆောင်ရွက်လျက်ရှိကြောင်း ယင်းတာယာထုတ်လုပ်ရေးလုပ်ငန်းမှ ပြောကြားသည်။

အင်ဒိုနီးရှား တာယာထုတ်လုပ်ရေးလုပ်ငန်းအသင်း (အေပီဘီအိုင်)မှ စာရင်းများအရ ယခင်နှစ်က တာယာအလုံးပေါင်း ၃၅ ဒသမ ၃၅ သန်း ထုတ်လုပ်နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၄၅၅ ဒသမ ၂၆ သန်းဖိုးတင်ပို့ရောင်းချခဲ့ကြောင်း သိရသည်။

ယခုနှစ်ထုတ်လုပ်ရေး ရည်မှန်းချက်သည် ယမန်နှစ် ၂၀၀၄ ခုနှစ်က အောင်မြင်မှုထက်လျှော့နည်းခဲ့ကြောင်း၊ ထိုနှစ်က ၁၅ ဒသမ ၆ ရာခိုင်နှုန်း တိုးထုတ်ကာ ၂၂ ဒသမ ၉ ရာခိုင်နှုန်း တိုးမြှင့်တင်ပို့နိုင်ခဲ့ကြောင်း အေပီဘီအိုင် ဉက္ကဋ္ဌ အဇစ်ပိန်း၏ ပြောကြားချက်ကို ဘစ်နစ် အင်ဒိုနီးရှားသတင်းစာက အင်္ဂါနေ့က ကိုးကားဖော်ပြသည်။

ထို့အပြင်ပြည်တွင်း တင်ပို့ရောင်းချမှုသည်လည်း တိုးတက်လာမည်ဟု မျှော်လင့်ရကြောင်း ၎င်းက ပြောကြားသည်။

အင်ဒိုနီးရှား ကားထုတ်လုပ်သူများအသင်း (ဂိုင်ကင်ဒို)သည် ယခုနှစ်တွင် ကားအရောင်း စီမံကိန်းများချမှတ် ဆောင်ရွက်လျက်ရှိရာ ယခင်နှစ်က ကားစင်းရေ ၄၈၃၃၁၇ စင်းရှိရာမှ ယခုနှစ်တွင် ၅၂၀၀၀၀ အထိ မြင့်တက်လာမည်ဖြစ်ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံ၏ ယမန်နှစ်က ကားစံချိန်တင်ရောင်းချရမှုမှာ ၃၆ ဒသမ ၄ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့ရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုတွင် အလုပ်သမားများ အလုပ်လုပ်နေကြသည်ကို ဇန်နဝါရီ ၂၆ရက်က တွေ့ရစဉ်။

(ဗီယက်နမ်နိုင်ငံသည် ၂၀၀၄ခုနှစ်က ဆောက်လုပ်ရေးနှင့် စက်မှုလက်မှုလုပ်ငန်း၌ ၁၀ဒသမ ၂ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။) **(ဓာတ်ပုံ-အင်တာနက်)**

ဇင်ဘာဘွေ ကော်ဖီတင်ပို့မှု ဒေါ်လာလေးသန်းကျော်ရရှိ

ဟာရာရေး ဇန်နဝါရီ ၂၆

ဇင်ဘာဘွေနိုင်ငံသည် လွန်ခဲ့သည့်နှစ်က ကော်ဖီတင်ပို့ခြင်းမှ အမေရိကန်ဒေါ်လာ ၄ဒသမ ၄၅ သန်းခန့် ဝင်ငွေရရှိခဲ့ကြောင်း ဗဟိုစာရင်းအင်းရုံးက အင်္ဂါနေ့တွင် သတင်းထုတ်ပြန်သည်။

ဇင်ဘာဘွေနိုင်ငံ၏တောင်ပိုင်း အိမ်နီးချင်းဖြစ်သည့် တောင်အာဖရိကနိုင်ငံသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၈ သန်းတန်ဖိုးရှိ လှော်ထားခြင်းမရှိသော ကဖိန်းဓာတ်မပါသည့် ကော်ဖီများကို အများအပြားတင်သွင်းခဲ့ကြောင်း ဗဟိုစာရင်းအင်းရုံးက ဖော်ပြသည်။

တင်သွင်း

လှော်ပြီးသားနှင့် ကဖိန်းဓာတ်ပါ ဝင်သော ကော်ဖီကို ဂျာမနီက ဒုတိယ အများဆုံးတင်သွင်းခဲ့ပြီး အမေရိကန် ဒေါ်လာ ၁ ဒသမ ဝ၆သန်းဖိုး တင်သွင်းကာ နယ်သာလန်နိုင်ငံက အမေရိကန်ဒေါ်လာ ၃၂၇၅၈၆ တန်ဖိုးရှိကော်ဖီကို တင်သွင်းခဲ့သည်။ ဗြိတိန်၏တင်သွင်းမှုမှာ အမေ ရိကန်ဒေါ်လာ ၂၉၀၀၀၀ တန်ဖိုးရှိသည်။

နိုင်ငံအစိုးရက ၂၀၀၀ ပြည့်နှစ်တွင် စတင်ဆောင်ရွက်ခဲ့သော မြေယာ ပြုပြင်ရေးအစီအစဉ် တည်ငြိမ်မှုရှိပြီးနောက် ဇင်ဘာဘွေနိုင်ငံသည် ကော်ဖီထုတ်လုပ်ခြင်းမှ ဝင်ငွေတစ်ဟုန်ထိုး တိုးတက်ရရှိခဲ့သည်ဟု ဇင်ဘာဘွေ လယ်သမားများသမဂ္ဂ စီးပွားရေးပညာရှင် တာဖီရီယီချမ်ဘိုကိုက ပြောကြားသည်။

တိုးတက်

ကော်ဖီတင်ပို့မှု တိုးတက်လာခြင်းသည် စိုက်ပျိုးရေးကဏ္ဍတွင် ပြောင်းလဲမှုများကြောင့် လွန်ခဲ့သည့် နှစ်အနည်းငယ်၌ ထုတ်လုပ်မှုအဆင့် ကျဆင်းခဲ့ပြီးနောက် ထုတ်လုပ်မှုတွင် တဖြည်းဖြည်းချင်း တိုးတက်ခဲ့သည့် ရလဒ်ဖြစ်သည်ဟု ဆိုသည်။

ဆေးရွက်ကြီး၊ သစ်သီးဝလံ၊ ပန်းမန်နှင့်ကော်ဖီသည် ဇင်ဘာဘွေနိုင်ငံ၏ အဓိကစိုက်ပျိုးရေးထုတ်ကုန်များဖြစ်ပြီး နိုင်ငံ၏ပြည်တွင်းအသားတင်ထုတ်လုပ်မှု ၁၆ဒသမ၅ရာခိုင်နှုန်းရှိပြီး နိုင်ငံခြားငွေရရှိမှု၏ ၃၃ ရာခိုင်နှုန်းရှိကာ အလုပ်အကိုင်၏ ၂၆ရာခိုင်နှုန်း ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ

မြေငလျင်သတိပေးမှုစနစ် ထူထောင်ရန် ပင်လယ်ကမ်းနီးနိုင်ငံများ လက်မှတ်ရေးထိုး

တိုကျို ဇန်နဝါရီ ၂၇

ဒေသအတွင်း မြေငလျင်ဆိုင်ရာ အချိန်မီ သတိပေးစနစ်နှင့် လျှပ်စစ်သံလိုက်စက်ဝန်းလှိုင်းများဖြင့် စောင့်ကြည့်ဖမ်းယူနိုင်မှုစနစ်တစ်ရပ်ထူထောင်ကြရန် ပင်လယ်ကမ်းနီးနိုင်ငံများက ပြီးခဲ့သည့် စနေနေ့က သဘောတူလက်မှတ်ရေးထိုးခဲ့ကြကြောင်း အယ်ဆေးနီးယမ်းသတင်းစာ ကိုရီးယားက တနင်္ဂနွေနေ့တွင် ရေးသား ဖော်ပြလိုက်သည်။

အီတလီနိုင်ငံ ပေါ်ကီလာမြို့တွင် ကျင်းပခဲ့သည့် ငလျင်ဆိုင်ရာ ကြိုတင်သတိပေးမှု နိုင်ငံတကာညီလာခံ တစ်ရပ်၌ အဆိုပါသဘောတူညီချက်ကို ပင်လယ်ကမ်းနီးနိုင်ငံများက သဘောတူလက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

ကမ္ဘာလုံးဆိုင်ရာ ရာသီဥတု ဖြစ်ပေါ်ပြောင်းလဲမှုနှင့် လျှပ်စစ်သံလိုက်စက်ဝန်းများအကြား ဆက်စပ်ဖြစ်ပေါ်မှုများ၊ လျှပ်စစ်သံလိုက် စက်ဝန်းလှိုင်းများဖြင့်ငလျင်လှုပ်မှုကြိုတင်သိရှိနိုင်မှုများကို ၁၀နှစ်ကြာလေ့လာသုတေသနပြုရေး အစီအစဉ် များကိုလည်း အဆိုပါနိုင်ငံများက ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းလည်း သိရှိရသည်။

ယင်းသုတေသနပြုမှု အစီအစဉ် တွင် သဘာဝတရားနှင့် လူတို့ပြုလုပ်ဖန်တီးထားသည့် လျှပ်စစ်သံလိုက် စက်ဝန်းတို့၏ ဖြစ်နိုင်ဖွယ်ရာဆက်စပ်မှုများကို သေချာစွာသိရှိရန် ဆောင်ရွက်ရေးလည်း ပါဝင်ကြောင်း သိရှိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ပြည်ပခြိမ်းခြောက်မှုများကို တုံ့ပြန်နိုင်ရန်
အီရန်နိုင်ငံက စနစ်တကျကြိုတင်ပြင်ဆင်ထားကြောင်း ပြောကြား

တီဟီရန် ဇန်နဝါရီ ၂၈

မည်သည့်ပြည်ပခြိမ်းခြောက်မှုကိုမဆို တုံ့ပြန်သွားရန် အီရန်နိုင်ငံက စနစ်တကျ ကြိုတင်ပြင်ဆင်ထားကြောင်း မကြာမီအချိန်က အမေရိကန်ပြည်ထောင်စု၏ ခြိမ်းခြောက်ပြောဆိုမှုအား အီရန်စစ်ဘက်ဆိုင်ရာက ဗုဒ္ဓဟူးနေ့၌ တုံ့ပြန်လိုက်သည်။

အမေရိကန်နှင့် အစ္စရေးတို့က အီရန်နိုင်ငံကို ကျူးကျော်ရန်စဖို့ မဝံ့သော်လည်း အစ္စလမ့်စ်တော်လှန်ရေး အစောင့်တပ်(အိုင်အာရ်ဂျီစီ)သည် မည်သည့် ကျူးကျော်ရန်စမှုကိုမဆို ရင်ဆိုင်သွားဖို့အတွက် ကောင်းစွာပြင်ဆင်ထားကြောင်း အိုင်အာရ်ဂျီစီတပ်မှူး ရာဟင်ဆာဖာဗီက ပြောကြားသည်။

ပြင်ဆင်ထား

အီရန်နိုင်ငံသည် အရှေ့အလယ်ပိုင်းတွင် လုံခြုံရေးအစီအမံကို ထိထိရောက်ရောက် ပြင်ဆင်ထားသည့်နိုင်ငံဖြစ်ကြောင်း၊ အမေရိကန်ပြည်ထောင်စုသည် ဒေသအတွင်း လုံခြုံရေးတွင် အီရန်နိုင်ငံ၏ အရေးပါမှုကို အရေးမစိုက်ဘဲ မနေနိုင်ကြောင်း ဆာဖာဗီက ပြောကြားသည်။

အီရန်သမ္မတ မိုဟမ်မက်ခါတာမီအပါအဝင် အဆင့်မြင့် အီရန်အရာရှိအများအပြားက အီရန်နိုင်ငံကို တစ်စုံတစ်ရာတိုက်ခိုက်ဖို့မကြိုးစားရန် အမေရိကန်အား သတိပေးထားသည်။

အီရန်နိုင်ငံသည် နျူကလီးယားလက်နက်များကို လျှို့ဝှက်ပြုလုပ်နေကြောင်း အမေရိကန်ပြည်ထောင်စုက စွပ်စွဲထားပြီး အီရန်နိုင်ငံ၏ နျူကလီးယားအဆောက်အအုံများကို လက်ဦးမှုယူပြီးတိုက်ရန် ခြိမ်းခြောက်ထားသည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံတွင် သီးနှံထုတ်လုပ်မှု ၂၀၀၄ ခုနှစ်၌ စံချိန်တင်တိုးတက်

ရှင်ကျိူ့ ဇန်နဝါရီ ၂၇

ဟိုင်နန်ပြည်နယ်သည် ၂၀၀၄ ခုနှစ်က ကောက်ပဲသီးနှံတန်ချိန် ၄၂ ဒသမ ၆ သန်းထုတ်လုပ်နိုင်မှုနှင့် အတူ သီးနှံထုတ်လုပ်မှုတွင် တရုတ်နိုင်ငံ၌ ပထမတန်းအဆင့်သို့ ရောက်ရှိလာကြောင်း၊ ယခင်နှစ်ကထက် ၁၉ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း ဒေသဆိုင်ရာ စာရင်းအင်းဦးစီးဌာနက ဗုဒ္ဓဟူးနေ့တွင် ကြေညာသည်။

ဟိုင်နန်၏ ကောက်ပဲသီးနှံထုတ်လုပ်မှုသည် တရုတ်နိုင်ငံ၏ စုစုပေါင်းထုတ်လုပ်မှု၏ ၁၀ ပုံတစ်ပုံရှိကြောင်း၊ တရုတ်နိုင်ငံ၏ ကောက်ပဲသီးနှံထုတ်လုပ်ဖြန့်ဖြူးရာတွင် အများဆုံးဖြစ်ကြောင်း ဟိုင်နန်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တိုးတက်

နွေကောက်ပဲသီးနှံ ထုတ်လုပ်မှုသည် ယခင်နှစ်က တန်ချိန် ၂၅ ဒသမ ၂ သန်းသို့ရောက်ရှိကာ နှစ်အလိုက် ၇ ဒသမ ၉ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ ဆောင်းသီးနှံထုတ်လုပ်မှုသည် တန်ချိန် ၁၇ ဒသမ ၃၉ သန်းရှိကာ ၄၁ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း သိရသည်။

စိုက်ပျိုးရေးထုတ်လုပ်မှုတိုးတက်ရန် ဗဟိုအစိုးရက မူဝါဒများ ချမှတ်ပေးခဲ့ခြင်းဖြင့် စိုက်ပျိုးရေးထုတ်လုပ်မှုတိုးမြင့်လာခြင်းဖြစ်ကြောင်း အဆိုပါ တာဝန်ရှိသူက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်အမျိုးသားလုံခြုံရေးတပ်ဖွဲ့ဝင် ၁၅ဦး လက်နက်ကိုင်ပြောက်ကျားများသတ်ဖြတ်

ဘဂ္ဂဒက် ဇန်နဝါရီ ၂၈

အီရတ်လက်နက်ကိုင် ပြောက်ကျားများက အီရတ်အမျိုးသား လုံခြုံရေးအစောင့်တပ်ဖွဲ့ဝင်စုစုပေါင်း ၁၅ဦးအားသတ်ဖြတ်ခဲ့ကြောင်း ဝဘ်ဆိုက် ကြေညာချက်တစ်စောင်၌ စနေနေ့က ပြောကြားခဲ့သည်။

ပြန်ပေးဆွဲ

ဘဂ္ဂဒက်အနောက်မြောက်ဘက် ကီလိုမီတာ ၁၄၀အကွာရှိ ဟစ်မြို့၌ လွန်ခဲ့သည့် ရက်သတ္တပတ်က ပြန်ပေးဆွဲခဲ့သော အီရတ်တပ်ဖွဲ့ဝင် ၁၅ဦးအား မိမိတို့ သတ်ဖြတ်လိုက်ကြောင်း အယ်လ်ခိုင်ဒါကွန်ယက်နှင့် အဆက်အသွယ်ရှိသည်ဟု ယုံကြည်ရသည့် လက်နက်ကိုင်ပြောက်ကျားအုပ်စုတစ်စုက ပြောကြားသည်။ အဆိုပါကြေညာချက် မှန်ကန်ကြောင်းကို အတည်မပြုနိုင်သေးဟုဆိုသည်။ လွန်ခဲ့သည့် စနေနေ့၌ လက်နက်ကိုင်ပြောက်ကျားများက အင်တာနက်မှတစ်ဆင့် ကြေညာချက်တစ်စောင်ထုတ်ပြန်ရာတွင် ဘဂ္ဂဒက်၏ အနောက်ဘက်၌ အီရတ်အမျိုးသား လုံခြုံရေးအစောင့်တပ်ဖွဲ့ဝင် ၁၅ဦးကို ၎င်းတို့ပြန်ပေးဆွဲခဲ့ကြောင်း ဖော်ပြခဲ့သည်။

အယ်လ်အန်ဘာပြည်နယ် အနောက်ပိုင်းရှိ မငြိမ်မသက်ရှိနေသည့်ဒေသတွင် အခြေစိုက်ထားသည့် အမေရိကန်တပ်ဖွဲ့၌ တာဝန်ထမ်းဆောင်ပြီးဆုံးခဲ့ပြီးနောက် အီရတ်တပ်ဖွဲ့ဝင်များသည် ပြန်ပေးဆွဲခံခဲ့ရခြင်းဖြစ်ကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ရှင်းလင်းပြသ

တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ ကွန်ပျူတာအရောင်းဆိုင်တစ်ဆိုင်တွင် ဝယ်ယူသူတစ်ဦးအား ဝန်ထမ်းတစ်ဦးက ရှင်းလင်းပြသနေသည်ကို ဇန်နဝါရီ ၂၈ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဇန်နဝါရီ ၂၇ရက်အထိ အီရတ်၌ သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၁၄၁၈ ဦး ရှိပြီ

ဘဂ္ဂဒက် ဇန်နဝါရီ ၂၈

အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ရက်က စတင်ပြီး ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့ တိုက်ခိုက်ခဲ့ချိန်မှစပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့တိုင် အီရတ်နိုင်ငံ၌ သေဆုံးဒဏ်ရာရလျက်ရှိကြသည်။

ဇန်နဝါရီ ၂၇ရက် ကြာသပတေးနေ့၌ အမေရိကန်ကာကွယ်ရေးဌာနက ထုတ်ပြန်သော သေဆုံးစာရင်းတွင် အမေရိကန်တပ်ဖွဲ့ဝင် ၁၄၁၈ဦး ရှိသွားပြီဖြစ်ကြောင်း ဖော်ပြထားရာ ယင်းအနက် ၁၀၈၅ ဦးမှာ တိုက်ပွဲ၌ သေဆုံးခဲ့ကြသည်။

ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၇၆ ဦး၊ အီတလီ ၂၀၊ စပိန် ၁၁ ဦး၊ ဘူဂေးရီးယား ခုနစ်ဦးနှင့် ပိုလန် ၁၆ဦး၊ ယူကရိန်း ၁၆ဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြားနှစ်ဦး၊ အက်စ်တိုးနီးယားနှင့် နယ်သာလန် နှစ်ဦး၊ ဒိန်းမတ်၊ ဆာဗေဒို၊ ဟန်ဂေရီ၊ လတ်ဗီးယားနှင့် ကာဇက်ကစ္စတန်တို့ တစ်ဦးစီ သေဆုံးခဲ့ကြသည်။

သေဆုံး

သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၁၂၈၀ဖြစ်ပြီး ယင်းအနက် ၉၇၆ဦးမှာ တိုက်ပွဲ၌ သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

(အင်တာနက်)

ဖလူးဂျာမြို့ အနီး ဇောဘတ် ကျေးရွာရှိ အိမ်တစ်အိမ်အတွင်း အမေရိကန်တပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းပြီး အီရတ်တို့အား ဖမ်းဆီးထားသည်ကို ဇန်နဝါရီ ၂၇ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မလက္ကာနှင့်စင်ကာပူရေလက်ကြားအတွင်း သွားလာသောသင်္ဘောများ ရေအနက်ကိုသတင်းပို့ကြရန် စင်ကာပူဆိပ်ကမ်းအာဏာပိုင်အဖွဲ့ တိုက်တွန်း

စင်ကာပူ ဇန်နဝါရီ ၂၇

မလက္ကာနှင့် စင်ကာပူရေလက်ကြားအတွင်း သွားလာနေကြသော သင်္ဘောများ ရေအနက်ပြောင်းလဲမှုများကို သတင်းပို့ကြရန် စင်ကာပူပင်လယ်ရေကြောင်းသွားလာမှုနှင့် ဆိပ်ကမ်းအာဏာပိုင်အဖွဲ့က တိုက်တွန်းထားသည်။

ရေနက်ပိုင်းအတွင်း ဆူနာမီ အနေအထားပြောင်းလဲမှုများ ဖြစ်ပေါ်ခဲ့ပြီးနောက် ယင်းသို့ စင်ကာပူပင်လယ်ရေကြောင်းသွားလာမှုနှင့် ဆိပ်ကမ်းအာဏာပိုင်အဖွဲ့က ဆောင်ရွက်ခြင်း ဖြစ်သည်။

သတင်းမပို့ခဲ့

ဇန်နဝါရီ ၆ရက်၌ အတည်မပြုနိုင်သော ကနဦးသတင်းများ ရရှိခဲ့သည့်နောက်တွင် သင်္ဘောများသည် ရေလက်ကြားကို အဆင်ပြေပြေဖြတ်သန်း မောင်းနှင်ခဲ့ကြကြောင်း၊ မည်သည့်သင်္ဘောများကမျှ ရေအနက်ကို သတင်းမပို့ခဲ့ကြကြောင်း အမ်ပီအေက ပြောကြားသည်။

ထိုသို့ဆိုသော်လည်း ကြိုတင်သတိထားသည့်အနေဖြင့် ရေလက်ကြားကိုဖြတ်သည့် သင်္ဘောများသည် ရေအနက် ပြောင်းလဲမှုများကို ဆက်လက်၍ ဂရုတစိုက်ဖြင့် သတင်းပို့သင့်ကြောင်း အမ်ပီအေက ပြောကြားသည်။

အကြံပေးရန်

သင်္ဘောများသည် ရေအနက်ပြောင်းလဲမှုကို စစ်ဆေးသည့် ပုံတင်သံပြု ကိရိယာများကိုလည်း သတိပြုပြီး ရေအနက်သည် ရေကြောင်းပြဇယားကွက်၌ ဖော်ပြထားသည်ထက် လျော့ကျမှုကို ကမ်းရိုးတန်း ဗွီတီအက်စ် အာဏာပိုင်အဖွဲ့ထံ အကြံပေးရန် ဖြစ်သည်။

အမ်ပီအေသည် မလက္ကာနှင့် စင်ကာပူရေလက်ကြားအတွင်း လုံခြုံဘေးကင်းစွာ သင်္ဘောများမောင်းနှင်သွားလာနိုင်ရန် အင်ဒိုနီးရှားရေပုံဆွဲရုံးအဖွဲ့နှင့် ပူးတွဲစောင့်ကြည့်လျက်ရှိသည်။ **(အင်တာနက်)**

ဘုရှ်ဆန့်ကျင်ရေး ဘရာဇီးတွင် ဆန္ဒပြ

ပေါ်တိုအလက်ဂ်ရေး ဇန်နဝါရီ ၂၇

ဘရာဇီးနိုင်ငံ ပေါ်တိုအလက်ဂ်ရေးမြို့တွင် ကမ္ဘာတစ်ဝန်းမှ လူထောင်ပေါင်းများစွာသည် လမ်းများပေါ်၌ ဗုဒ္ဓဟူးနေ့က ဘုရှ်ဆန့်ကျင်ရေး ကြွေးကြော်ပြီး ချီတက်ဆန္ဒပြခဲ့ကြသည်။

ထိုသို့ ချီတက်ဆန္ဒပြရာတွင် အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်သည် ဆန္ဒပြသူများ၏ အဓိကဒေါသဖြစ်စရာဖြစ်ခဲ့ပြီး အီရတ်နိုင်ငံအား အမေရိကန်ပြည်ထောင်စု၏ ကျူးကျော်ဝင်ရောက်မှုကို ဆန္ဒပြသူများက ပြစ်တင်ရှုတ်ချခဲ့ကြသည်။

အီရတ်စစ်ပွဲသည် ဥပဒေနှင့် မညီညွတ်သည့် စစ်ပွဲဖြစ်ခဲ့ပြီး မည်သူကမျှ မထောက်ခံခဲ့ကြောင်း တောင်အမေရိကတိုက်သို့ ခရီးထွက်လာခဲ့သူ အမေရိကန် ပြည်ထောင်စု ဝါရှင်တန်ပြည်နယ် အိုလံပီယာမြို့မှ အီသန်ရှက်ဖ်ဖာဆိုသူက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ဇန်နဝါရီ ၂၅ ရက်က မြန်မာ့ရေနံနှင့်ဓာတုဗေဒလုပ်ငန်း၏ ၂၀၀၄-၂၀၀၅ ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (စွမ်းအင်)

မြန်မာ့ရေနံနှင့်ဓာတုဗေဒလုပ်ငန်းညှိနှိုင်းအစည်းအဝေး ရေနံနှင့်သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်မည့်အစီအစဉ်များချမှတ်

ရန်ကုန် ဇန်နဝါရီ ၂၈

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဇန်နဝါရီ ၂၅ ရက် နံနက် ၈ နာရီတွင် ပြည်လမ်းရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပသည့် မြန်မာ့ရေနံနှင့်ဓာတုဗေဒလုပ်ငန်း၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

လျာထားချက်များချမှတ်

ထို့နောက် ဝန်ကြီးက ဓာတ်မြေသြဇာ ထုတ်လုပ်နိုင်မှု အခြေအနေများကို သုံးသပ်ပြီး လာမည့်ကာလအတွက် ဓာတ်မြေသြဇာစက်ရုံများ ချောမွေ့စွာ လည်ပတ်ထုတ်လုပ်နိုင်ရန် လိုအပ်သော သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်ဓာတ်အား ပြည့်ဝစွာရရှိရေးကိစ္စများကို ညှိနှိုင်းဆွေးနွေးကာ စက်ရုံအလိုက် ဓာတ်မြေသြဇာတိုးတက်ထုတ်လုပ်ရမည့် လျာထားချက်များကို ချမှတ်ပေးသည်။

ယင်းနောက် ဝန်ကြီးက ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ အလေအလွင့်ထိန်းသိမ်းရေးနှင့် မသမာမှု လျော့နည်းပပျောက်စေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

တူးဖော်ထုတ်လုပ်

ဝန်ကြီးသည် နံနက် ၁၁ နာရီတွင် ဆက်လက်ကျင်းပသည့် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ ရေနံမြေအလိုက် ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်နိုင်ခဲ့မှုအခြေအနေများကို ပြန်လည် သုံးသပ်ပြီး လာမည့်ကာလအတွက် ရေနံမြေအလိုက် ရေနံနှင့်သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်ရမည့် အစီအစဉ်များကို ချမှတ်ပေးသည်။

ထို့နောက် ဝန်ကြီးက ပြည်တွင်း သုံးစွဲမှုဖူလုံစေရန် ရေနံနှင့်သဘာဝ ဓာတ်ငွေ့များကို အားကြိုး မာန်တက် တိုးတက်ထုတ်လုပ်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် နိဂုံးချုပ် အမှာစကားပြောကြားသည်။

အဆိုပါ အစည်းအဝေးများသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊စက်ရုံမှူးများ၊ ရေနံမြေအထွေထွေ မန်နေဂျာများ၊ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၀၅ ခုနှစ် နှစ်ဦးတွင် သိန်း ၃၀၀ အထူးဆုကြီးပေါက် ခဲ့ သော မိုးယံရွှေလမင်းနှင့် မြတ်ဆုကုဋေ ထီဆိုင်ကြီးက ပခုက္ကူ ဦးအုံးဖေ စာကြည့်တိုက်အတွက်အလှူငွေ ပေး အပ်ပွဲကို ဇန်နဝါရီ ၂၅ ရက်က အမှတ် ၂၉၈ ဗိုလ်ဆွန်ပက်လမ်း ပန်းဘဲတန်းမြို့နယ် အ ချစ် ၇၂ နယ် မဂ္ဂဇင်းတိုက်တွင်ကျင်းပရာ အလှူရှင်က အလှူငွေကျပ် သုံးသိန်းကို ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မင်္ဂလာဗျူဟာအသင်းချုပ် သင်းလုံးကျွတ်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၂၈

ဗဟန်းမြို့နယ် မင်္ဂလာဗျူဟာအသင်းချုပ် (၄၈)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ဇန်နဝါရီ၃၀ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ (၃၅၂)

သတိပေးနှိုးဆော်ချက်

မော်တော်ယာဉ်များပေါ်မှ အမှိုက်များပစ်ချခြင်း၊ ကွမ်းတံတွေးထွေးခြင်းများ တွေ့ရှိပါက ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

*** ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊**

*** တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊**

*** ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊**

*** နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊**

*** နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။**

ဖွံ့ဖြိုးရေးတက္ကသိုလ် သင်တန်းသားသင်တန်းသူများ ပြည်သူ့လွှတ်တော်နှင့် ရန်ကုန်မြို့တွင်း ဆက်လက်လေ့လာ

ရန်ကုန် ဇန်နဝါရီ ၂၈

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ)သင်တန်း အမှတ်စဉ်(၃၆)မှ သင်တန်းသား သင်တန်းသူများသည် လေ့လာရေးခရီးစဉ် စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှကြည်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးကြီးဇော်မင်းသိန်း၊ လေ့လာရေးအဖွဲ့ခေါင်းဆောင် ဒုတိယပါမောက္ခချုပ် ဒေါ်ခင်စီစီနှင့် တာဝန်ရှိသူများ၏ ကြီးကြပ်မှုဖြင့် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံသို့ သွားရောက်ကြည့်ရှုလေ့လာကြရာ ပြည်သူ့လွှတ်တော်ရုံးညွှန်ကြားရေးမှူး ဦးရဲလှမြတ်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ရှင်းလင်းပြောကြား

ထိုမှတစ်ဆင့် လေ့လာရေး သင်တန်းသား သင်တန်းသူများသည် သစ်တောဦးစီးဌာန တိရစ္ဆာန်ဥယျာဉ်များဌာနခွဲ တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) သို့ ရောက်ရှိကြရာ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အထိမ်းအမှတ် အလံများ လဲလှယ်ကြပြီး သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ကြည့်ရှုလေ့လာ

ထို့နောက် လေ့လာရေးသင်တန်းသား သင်တန်းသူများသည် တိရစ္ဆာန်ယဉ်ကျေးလိမ္မာ ပြပွဲဖျော်ဖြေ တင်ဆက်မှုများကို ကြည့်ရှုအားပေးပြီး တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)အတွင်း အဖွဲ့လေးဖွဲ့ခွဲ၍ ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် ကန်တော်ကြီး သဘာဝဥယျာဉ်သို့ ရောက်ရှိကြရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန ဌာနမှူး ဦးညွန့်ဖေက ကန်တော်ကြီးသဘာဝ ဥယျာဉ် အကြောင်း သိကောင်းစရာများနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ရေချိုငါးဥယျာဉ်

ဆက်လက်၍ လေ့လာရေးသင်တန်းသား သင်တန်းသူများသည် Education Zone ရှိ ကန်တော်ကြီး ရေချိုငါးဥယျာဉ်သို့ ရောက်ရှိကြရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက ကန်တော်ကြီး ရေချိုငါးဥယျာဉ် အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားကာ တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား လိုက်လံရှင်းလင်းပြသသည်။

ရှင်းလင်းပြောကြား

ထို့နောက် လေ့လာရေးသင်တန်းသား သင်တန်းသူများသည် ကန်တော်ကြီး သဘာဝဥယျာဉ်၏ သဘာဝ အလှအပများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြပြီး Recreation Zone သို့ ရောက်ရှိကြရာ ဇေကမ္ဘာကုမ္ပဏီလီမိတက် ဒါရိုက်တာ ဒေါ်ဖေဖေလတ်က ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့တွင် လေ့လာရေးခရီးရောက်ရှိနေသော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့(ဘီအီးဒီ) သင်တန်း အမှတ်စဉ်(၃၆)မှ သင်တန်းသား သင်တန်းသူများ ကန်တော်ကြီး ဥယျာဉ် Education Zoneရှိ ကန်တော်ကြီး ရေချိုငါးဥယျာဉ်အတွင်း ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

နယ်စပ်ဒေသများက မျိုးဆက်သစ်လူငယ်များ ပညာတတ်မြောက်ရေး ပဓာနအကျဆုံး လိုအပ်ချက်ဖြစ် လူငယ်များစာတတ်မြောက်လာအောင်၊ ပညာလိုလားစိတ်ရှင်သန်လာအောင် အလေးအနက်ပြုစုပျိုးထောင်

✡ ရှေ့ဖုံးမှ

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ပညာရေးဘွဲ့ (ဘီအီးဒီ)သင်တန်း အမှတ်စဉ်(၃၆)မှ သင်တန်းကြီးကြပ်သူ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သြဝါဒစကား မြွက်ကြားရာတွင် ယနေ့အခမ်းအနား၌ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် နောက်ဆုံးနှစ် သင်တန်းသား သင်တန်းသူများအား သင်တန်းပြီးဆုံး၍ မိမိတို့ ဇာတိရပ်ရွာဒေသများသို့ ပြန်လည်သွားရောက် တာဝန်ထမ်းဆောင်ရာ၌ ထားရှိရမည့်ခံယူချက်၊ နိုင်ငံတော်၏အကျိုး၊ ရပ်ရွာဒေသ၏အကျိုးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့်ပတ်သက်ပြီး မှာကြားဖွယ်ရာများကို မှာကြားသွားမှာဖြစ်ကြောင်း။

ညီညွတ်မှုကိုအခိုင်အမာတည်ဆောက်

နိုင်ငံတော်၏တာဝန်ကို မိမိတို့တစ်တွေ စတင်ယူခဲ့ရချိန်မှာ နိုင်ငံတော်၏ ပကတိအခြေအနေကို သုံးသပ်ကြည့်လိုက်သည့်အခါ နိုင်ငံတော်အတွင်း တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခိုင်အမာပြန်လည်တည်ဆောက်ပြီး လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းအောင် ဆောင်ရွက်နိုင်ရန် အရေးတကြီးလိုအပ်နေသကဲ့သို့ တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်း တစ်ပြိုင်နက်တည်းဆောင်ရွက်ရမည့် အခြေအနေရောက်နေသည်ဆိုသည်ကို တွေ့ရကြောင်း။

ထို့ကြောင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်လက်တွဲပြီး ကိုလိုနီနယ်ချဲ့၏ ဆိုးမွေများကင်းရှင်းသည့် ခေတ်မီဖွံ့ဖြိုးသော နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်စေရန် နိုင်ငံတော်၏ သမိုင်းကြောင်းအခြေခံများ၊ လက်ရှိပကတိ အခြေအနေများနှင့်ကိုက်ညီသည့် အမျိုးသားရေးမူဝါဒနှင့် အမျိုးသားရေး ဦးတည်ချက်များကို နိုင်ငံတော်အစိုးရအနေဖြင့် မှန်ကန်စွာသုံးသပ်ချမှတ်ပြီး အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်ခဲ့ရကြောင်း။

မူဝါဒအဖြစ်ချမှတ်ကျင့်သုံး

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအတွက် အစဉ်အမြဲမှန်ကန်နေမည့် ထာဝရသစ္စာတရားဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသော ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ချမှတ်ကျင့်သုံးခဲ့ကြကြောင်း။

တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပြန်လည်တည်ဆောက်ခဲ့ပြီး လက်နက်ကိုင်ပဋိပက္ခများကိုလည်းပဲ ချုပ်ငြိမ်းစေခဲ့ကြောင်း၊ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ နယ်စပ်ဒေသများနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တစိုက်မတ်မတ် အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ကြောင်း။

ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်း

ပြည်ထောင်စုကြီး၏ နယ်မြေဒေသအစိတ်အပိုင်းများအားလုံး ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက် ကျဉ်းမြောင်းပပျောက်ရေးနှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး ဆက်သွယ်ဆက်ဆံမှု တိုးတက်လာသည်နှင့်အမျှ အသိအမြင်၊ အတွေးအခေါ်၊ အယူအဆတို့ပါ တစ်သားတည်းဖြစ်လာကာ ပြည်ထောင်စုစိတ်ဓာတ်လည်း ပိုမိုထွန်းကားပြီး ခိုင်မာလာစေမည်ဆိုသည့် ခံယူချက်ဖြင့် တစ်နိုင်ငံလုံး အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြောင်း။

နိုင်ငံတော်တစ်ဝန်းလုံး၌ ဒေသလိုအင်များ၊ အခြေအနေပေးမှုများ၊ အလားအလာကောင်းများနှင့်အညီ တစ်ပြိုင်နက်တည်း ဖြန့်ကြက်ပေါင်းစပ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများ၊ ဖွံ့ဖြိုးရေးအထူးစီမံကိန်းကြီးများ၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး၂၄ခု စီမံကိန်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် စီမံကိန်းများနှင့်အမျိုးသားစီးပွားရေးစီမံကိန်းများကို တစ်ပြိုင်နက်တည်း ပေါင်းစည်းကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးမှာ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီဆိုသည်မှာ မည်သူမျှ မငြင်းနိုင်သည့် အမှန်တရားအဖြစ် တွေ့ရမှာဖြစ်ကြောင်း။

ယင်းသို့ နိုင်ငံတော်အစိုးရက နယ်ပယ်ကဏ္ဍစုံတွင် ဖွံ့ဖြိုးတိုးတက်မှုအခြေခံအဆောက်အအုံများကို အောင်အောင်မြင်မြင်ကြိုးပမ်းတည်ဆောက်ပေးနိုင်ခဲ့သည့်အတွက် တိုင်းရင်းသားပြည်သူများအားလုံးကလည်း နိုင်ငံတော်အစိုးရ၏ မွန်မြတ်သည့်စေတနာနှင့် မှန်ကန်သည့်မူဝါဒများကို သိမြင်လက်ခံလာခဲ့ကြကြောင်း၊ တစ်မျိုးသားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နှင့်ပူးပေါင်းပါဝင် လက်တွဲကြိုးပမ်းဆောင်ရွက်လာခဲ့ခြင်းကြောင့် ယနေ့ဆိုလျှင် နယ်စပ်ဒေသများပါမကျန် ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ ဖြစ်ထွန်းနေပြီဖြစ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးဘဝ ပိုမိုကောင်းမွန်တောင့်တင်းလာသကဲ့သို့ တိုင်းရင်းသားပြည်သူများအားလုံး၏ လူနေမှုဘဝအဆင့်အတန်းမှာလည်း သိသာစွာမြင့်မားလာခဲ့ပြီဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (ဘီအီးဒီ)သင်တန်း အမှတ်စဉ်(၃၆)မှ သင်တန်းသား သင်တန်းသူများက ဂါရဝပြုအခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်စဉ်။

(သတင်းစဉ်)

မောင်တို့မယ်တို့အတွက် ယခုစီစဉ်ပေးထားသည့် လေ့လာရေးခရီးစဉ်တစ်လျှောက်၌ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ အစီအရီဖြစ်ထွန်းနေသည်ကို မျက်မြင်တွေ့မြင်ကြရမှာဖြစ်ကြောင်း၊ဤသို့ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ ပေါ်ထွန်းလာစေရအောင် ဟိုးယခင်ချို့ချို့ငဲ့ငဲ့ အခြေအနေကစပြီး မိမိတို့အားလုံး နေ့မအားညမနား အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြ၍ ယနေ့အခြေအနေကို ရောက်ခဲ့ရခြင်းဖြစ်ကြောင်း။

အလားတူပင် နယ်စပ်ဒေသများ၌ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ခဲ့ရသည့်ဘဝကနေ ယခုကဲ့သို့ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများဖြစ်ထွန်းလာခဲ့ရသည်မှာလည်း မိမိတို့အားလုံးက ကိုယ်စီကိုယ်စီ၏ လွဲမှားသည့် အစွဲအလမ်း အယူအဆများကို ဖယ်ခွာနိုင်ခဲ့ကြခြင်းကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြန်လည်ထွန်းကားပြန့်ပွားလာခဲ့ပြီး မိသားစုစိတ်ဓာတ်နှင့် လက်တွဲပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြ၍ပင် ဖြစ်ကြောင်း။

ဤသို့ နိုင်ငံ့ခေါင်းဆောင်များ၊ တိုင်းရင်းသားခေါင်းဆောင်များ၏ အမြော်အမြင်ကြီးမားစွာ ကြိုးပမ်းတည်ဆောက်ခဲ့ကြသည့် ဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်အေးချမ်းသာယာမှု အခြေခံကောင်း အကျိုးရလဒ်ကောင်းများကို ရေရှည်ထိန်းသိမ်း သယ်ဆောင်မြှင့်တင်သွားနိုင်စေရန် နယ်စပ်ဒေသများနှင့်တကွ တိုင်းရင်းသားလူမျိုးများ၏အကြားတွင် စိတ်ဓာတ်ရေးရာအခြေခံကောင်းများ၊ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ၊ ခေတ်ပညာအသိအမြင်ပြည့်စုံကြွယ်ဝသည့် လူ့စွမ်းအားအရင်းအမြစ်အခြေခံကောင်းများ ဖြစ်ထွန်းလာစေရအောင် ဆက်လက်တည်ဆောက်ပေးသွားကြရန် အထူးအရေးကြီးကြောင်း။

လေ့ကျင့်သင်ကြားပေးခဲ့

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကြီးသည် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းပြီး ထူထောင်ထားသည့်တက္ကသိုလ်ကြီးဖြစ်သည်နှင့်အညီ မောင်တို့မယ်တို့ကို ပညာရေးဝန်ထမ်း ဆရာ ဆရာမများအနေဖြင့် တတ်ကျွမ်းရမည့်သင်ကြားမှုအတတ်ပညာကိုသာမက နယ်စပ်ဒေသများ၌ အထူးလိုအပ်နေသည့် စိတ်ဓာတ်ရေးရာအခြေခံကောင်းများ၊ ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုအခြေခံကောင်းများ တည်ဆောက်ပေးနိုင်စေရန် ဦးဆောင်စည်းရုံးဆောင်ရွက်နိုင်စေမည့် ပညာရပ်များကိုပါ တစ်ပြိုင်တည်း လေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း။

အထူးသဖြင့် နယ်စပ်ဒေသများ၌ စိတ်ဓာတ်ရေးရာအခြေခံကောင်းများ အစဉ်ထာဝရ ဖြစ်ထွန်းနေစေရအောင် စည်းရုံးဦးဆောင်သွားနိုင်စေရန် ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေးအတွက် အသက်သွေးကြောသဖွယ်ဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို မောင်တို့မယ်တို့၏ ရင်ထဲနှလုံးသားထဲမှာ စွဲမြဲခံယူသွားအောင်လေ့ကျင့်ပျိုးထောင်ပေးခဲ့သည်သာမက မောင်တို့မယ်တို့ တာဝန်ထမ်းဆောင်ရာ နယ်မြေဒေသများ၌ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် အခြေခံကောင်းများ အစဉ်ထာဝရ ထွန်းကားပြန့်ပွားခိုင်မာစေရအောင် စည်းရုံးဦးဆောင်သွားရမည့်စွမ်းအားနှင့် စိတ်ဓာတ်တို့ကိုလည်း တစ်ပါတည်းမွေးမြူပေးလိုက်ပြီးဖြစ်ကြောင်း။

အစဉ်ထာဝရ မြဲမြံခိုင်မာနေစေရန်လိုအပ်

လူမျိုးစုပေါင်းတစ်ရာကျော်နှင့် ပေါင်းစည်းဖြစ်တည်နေသည့် မိမိတို့၏ ပြည်ထောင်စုကြီးတွင် တိုင်းရင်းသားမျိုးနွယ်စုများအားလုံး တစ်သွေးတည်း တစ်သံတည်း တစ်စိတ်တည်းတစ်ဝမ်းတည်း နှလုံးစိတ်ဝမ်းညီမျှစွာ စိတ်တူကိုယ်မျှရှိနေစေရေးမှာ တစ်ဦးနှင့်တစ်ဦးနားလည်စာနာမှု၊ သည်းခံခွင့်လွှတ်မှု၊ အပြန်အလှန်ရိုင်းပင်းကူညီဖေးမပေးမှု၊ အပြန်အလှန်မှီခိုအားထားယုံကြည်မှုစသည့် စိတ်ဓာတ်ရေးရာအခြေခံကောင်းများဖြစ်ထွန်းနေပြီး ယင်းအခြေခံကောင်းများက ပေါက်ဖွားလာသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ် အစဉ်ထာဝရ မြဲမြံခိုင်မာနေစေရန်လိုအပ်ကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁

ဒေသခံတိုင်းရင်းသားများ စားဝတ်နေရေးပြည့်စုံဖူလုံရေး တက်တက်ကြွကြွ အားသွန်ခွန်စိုက် ပါဝင်ကြိုးပမ်းဆောင်ရွက်

မိမိတို့တာဝန်ကျရာဒေသ၏ ပညာရေးအခြေခံများ မြင့်မားစေရေးက အစပြုပြီး လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရေး၊ ကျေးလက်နေပြည်သူများ သန့်ရှင်းသည့်သောက်သုံးရေ ရရှိရေးနှင့်တကွ ကျန်းမာရေးနှင့်ညီညွတ်သည့် နေထိုင်စားသောက်မှု အလေ့အထနှင့် ဗဟုသုတများ ပြန့်ပွားစေရေး၊ ဒေသခံတိုင်းရင်းသားများ စားဝတ်နေရေး ပြည့်စုံဖူလုံရေး၊ လူတန်းစေ့နေထိုင်နိုင်စေရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများအပါအဝင် အသက်မွေးဝမ်းကျောင်းလုပ်ငန်း များ၊ စီးပွားရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းစေရေး လုပ်ငန်းတာဝန်များကို မိမိတို့ကိုယ်တိုင် တက်တက်ကြွကြွ အားသွန်ခွန်စိုက် ပါဝင်ကြိုးပမ်းဆောင်ရွက်ရင်း ဒေသခံပြည်သူများကိုလည်း မှန်ကန်သည့်စည်းရုံးဦးဆောင်မှုပေးသွားကြ။

တိုင်းတစ်ပါး၏ဗိုလ်ကျစိုးမိုးမှု၊ သြဇာပေးခြယ်လှယ်မှုကို တိုင်းရင်းသားအားလုံး လက်တွဲ
အမျိုးသားရေးလမ်းကြောင်းမှန်ပေါ် တည့်တည့်မတ်မတ် ခိုင်ခိုင်မာမာလျှောက်လှမ်း
စိတ်ဓာတ်ရေးရာအခြေခံကောင်းများကို မျိုးဆက်သစ်လူငယ်များအပါအဝင် တိုင်းရင်းသားအားလုံး

စာမျက်နှာ ၇ မှ

အထူးသဖြင့် ပြည်ထောင်စုကြီးအတွင်း ညီရင်းအစ်ကို မောင်ရင်းနှမ စိတ်ဓာတ်နှင့် သေတပန်သက်တဆုံး အေးအတူပူအမျှ သုခ၊ ဒုက္ခများ မျှဝေခံစားပြီး ဥမကွဲသိုက်မပျက် အတူတကွ မခွဲမခွာ လက်တွဲပူးပေါင်းနေထိုင်သွားကြမည်ဆိုသည့် ပြည်ထောင်စုစိတ်ဓာတ် အစဉ်ထာဝရ ကိန်းအောင်းထွန်းကားပြန့်ပွားနေရန် လိုအပ်ကြောင်း။

စွဲစွဲမြဲမြဲဆုပ်ကိုင်

အလားတူပင် တိုင်းတစ်ပါး၏ ဗိုလ်ကျစိုးမိုးမှု၊ သြဇာပေးခြယ်လှယ်မှုတို့ကို တိုင်းရင်းသားများအားလုံး လက်တွဲရင်ဆိုင်တွန်းလှန်ပြီး မိမိတို့၏ အမျိုးသားရေးအကျိုးစီးပွားအတွက် မိမိတို့ကိုယ်တိုင် ဆုံးဖြတ်ရွေးချယ်သည့် အမျိုးသားရေးလမ်းကြောင်းမှန်ပေါ်၌ တည့်တည့်မတ်မတ် ခိုင်ခိုင်မာမာ လျှောက်လှမ်းနိုင်စေရန်အတွက် မိမိတို့တိုင်းပြည်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို စွဲစွဲမြဲမြဲ ဆုပ်ကိုင်သွားနိုင်ရန် အရေးကြီးကြောင်း။

ထို့ကြောင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးဖြစ်သော အမျိုးသားရေးမူဝါဒကို မောင်တို့မယ်တို့ကိုယ်တိုင်က စွဲမြဲစွာ ယုံကြည်ခံယူထားကြရန် လိုအပ်ကြောင်း။

ထို့ပြင် စိတ်ဓာတ်ရေးရာ အခြေခံကောင်းများကို မျိုးဆက်သစ်လူငယ်များအပါအဝင် တိုင်းရင်းသားပြည်သူများအားလုံးက အလေးအနက် ယုံကြည်ခံယူ ကျင့်သုံးလာစေရအောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ပြည့်ပြည့်ဝဝ ခိုင်ခိုင်မာမာ ထွန်းကားပြန့်ပွားနေစေရအောင် မောင်တို့မယ်တို့က ဖွံ့ဖြိုးရေးတက္ကသိုလ်ကြီးက ပြုစုပျိုးထောင်ပေးထားသည့် စည်းရုံးရေးမှူးကောင်းများပီပီ ဦးဆောင်စည်းရုံးသွားကြရန် ပထမအချက်အနေဖြင့် မှာကြားလိုကြောင်း။

ပဓာနအကျဆုံးလိုအပ်ချက်ဖြစ်

မောင်တို့ မယ်တို့သည် ဝေးလံခေါင်ဖျားသည့် ဒေသများ၌ ပညာရေးတာဝန်များကို အဓိကသွားရောက် တာဝန်ထမ်းဆောင်ကြရမှာဖြစ်ကြောင်း၊ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ရရှိဖြစ်ထွန်းပြီးဖြစ်သည့် ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများကို မျိုးဆက်တစ်ဆက်မှတစ်ဆက်တိုင် သားစဉ်မြေးဆက် ဆက်လက်ထိန်းသိမ်း သယ်ဆောင်မြှင့်တင်သွားနိုင်စေရန်မှာ နယ်စပ်ဒေသများက မျိုးဆက်သစ်လူငယ်များ ပညာတတ်မြောက်ရေးသည် ပဓာနအကျဆုံး လိုအပ်ချက်ဖြစ်ကြောင်း။

ယင်းခံယူချက်နှင့်အညီ နယ်စပ်ဒေသများ၌ လူငယ်များ စာတတ်မြောက်လာအောင်၊ ပညာကိုလိုလိုလားလား မြတ်မြတ်နိုးနိုးသင်ယူလိုသည့် စိတ်ထားများ ရှင်သန်လာအောင် အလေးအနက်ထား ပြုစုပျိုးထောင်ပေးကြရန် ဒုတိယအချက်အနေဖြင့် မှာကြားလိုကြောင်း။

တိုးတက်မြင့်မားရေး

အထူးသဖြင့် နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားများ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် မျိုးဆက်သစ်မယ်တို့ကို အမိဖွံ့ဖြိုးရေးတက္ကသိုလ်ကြီးက လေ့ကျင့်ပျိုးထောင်ပေးခဲ့ပြီးဖြစ်ကြောင်း။

လေးလေးနက်နက် သဘောပေါက်ခံယူ

ထို့ကြောင့် အမိဖွံ့ဖြိုးရေးတက္ကသိုလ်က မွေးထုတ်ပေးလိုက်သည့် မောင်တို့မယ်တို့သည် ပညာရေးဝန်ထမ်းများဖြစ်သော်လည်း အခြားသော ပညာရေးဝန်ထမ်း ဆရာ ဆရာမများနှင့်သဘော သဘာဝချင်း မတူညီဘူးဆိုသည်ကို မောင်တို့မယ်တို့အားလုံးက လေးလေးနက်နက် သဘောပေါက် ခံယူထားကြရန် လိုကြောင်း။

မောင်တို့မယ်တို့ကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်ပယ်ကဏ္ဍစုံတွင် လက်တွေ့ပါဝင်ဆောင်ရွက်နိုင်စေရန် လေ့ကျင့်ပေးထားပြီးဖြစ်သည်နှင့်အညီ ယင်းဖွံ့ဖြိုးရေးလုပ်ငန်းတာဝန်များကို နယ်ပယ်ကဏ္ဍမရွေး တက်တက်ကြွကြွ ဦးဆောင်စည်းရုံး ပါဝင်ကြိုးပမ်းဆောင်ရွက်သွားကြရန် တတိယအချက်အနေဖြင့် မှာကြားလိုကြောင်း။

အထူးပြု မြှင့်တင်ပေး

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများပါမကျန် ကျေးလက်ဒေသများ၌ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရေး၊ သန့်ရှင်းသည့်သောက်သုံးရေ ရရှိရေး၊ ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးအဆင့်အတန်း မြင့်မားရေး၊ ကျေးလက်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အထူးပြု မြှင့်တင်ပေးသွားမည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ကို တစ်နိုင်ငံလုံးအတိုင်းအတာနှင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ယင်းကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်သည် ဒေသဖွံ့ဖြိုးမှုတိုးမြှင့်ပေးရေးနှင့် ဒေသခံများ၏ လူနေမှုဘဝအဆင့်အတန်း မြှင့်တင်ပေးရေးတို့တွင် အခြေခံအကျဆုံးနှင့် အလိုအပ်ဆုံးလုပ်ငန်းများလည်းဖြစ်ကြောင်း။

အားသွန်ခွန်စိုက်ပါဝင်ကြိုးပမ်း

ထို့ကြောင့် မောင်တို့မယ်တို့အားလုံးက မိမိတို့တာဝန်ကျရာဒေသ၏ ပညာရေးအခြေခံများ မြင့်မားစေရေးကအစပြုပြီး လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရေး၊ ကျေးလက်နေပြည်သူများ သန့်ရှင်းသည့်သောက်သုံးရေ ရရှိရေးနှင့်တကွ ကျန်းမာရေးနှင့်ညီညွတ်သည့် နေထိုင်စားသောက်မှု အလေ့အထနှင့် ဗဟုသုတများ ပြန့်ပွားစေရေး၊ ဒေသခံတိုင်းရင်းသားများ စားဝတ်နေရေး ပြည့်စုံဖူလုံရေး၊ လူတန်းစေ့နေထိုင်နိုင်စေရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများအပါအဝင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းစေရေး လုပ်ငန်းတာဝန်များကို မိမိတို့ကိုယ်တိုင် တက်တက်ကြွကြွ အားသွန်ခွန်စိုက် ပါဝင်ကြိုးပမ်းဆောင်ရွက်ရင်း ဒေသခံပြည်သူများကိုလည်း မှန်ကန်သည့် စည်းရုံးဦးဆောင်မှုပေးသွားကြရန် မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ–

- **မောင်တို့မယ်တို့အားလုံး အမိဖွံ့ဖြိုးရေးတက္ကသိုလ်ကြီးက ပြုစုပျိုးထောင်ပေးလိုက်သည့် ပညာရည်အဆင့်အတန်း၊ အရည်အသွေးနှင့် စိတ်ဓာတ်စွမ်းအားတို့ ပိုမိုတိုးတက်မြင့်မားအောင် ဆက်လက်ကြိုးစားအားထုတ်သွားကြပါ၊**
- **အလားတူပင် မိမိတို့ကဲ့သို့သော စွမ်းရည်ပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ နယ်စပ်ဒေသများ၌ စဉ်ဆက်မပြတ်ပေါ်ထွန်းနေစေရအောင် ဆင့်ပွားပြုစုပျိုးထောင်မွေးထုတ်ပေးကြပါ၊**
- **တိုင်းရင်းသား စည်းလုံးညီညွတ်ရေး တိုးပွားခိုင်ခံ့စေရန်နှင့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးတို့အတွက် နယ်စပ်ဒေသများ၌ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ၊ စိတ်ဓာတ်ရေးရာအခြေခံကောင်းများ တိုးတက်ဖြစ်ထွန်းနေစေရအောင် အားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြပါ**

ဟု တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့(ဘီအီးဒီ) သင်တန်းအမှတ်စဉ်(၃၆)မှ သင်တန်းသား သင်တန်းသူများကိုယ်စား ကချင်ပြည်နယ် မန်စီမြို့နယ်မှ လာချစ်တိုင်းရင်းသား မောင်ချန်းဘောမ်က ဂါရဝပြုစကားပြောကြားရာတွင် ဥက္ကဋ္ဌကြီးရဲ့ မိန့်မှာချက်တွေကို ဘဝအတွက် အရေးပါတဲ့ လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူပြီး အလေးအနက်ထားလိုက်နာဆောင်ရွက်သွားပါ့မယ်လို့ ရိုသေစွာ ကတိပြုအပ်ပါတယ်ခင်ဗျား။

အစဉ်ဦးထိပ်ထား

သားတို့ သင်တန်းလက်ခံပတ်ဟာ တက္ကသိုလ်မှာ ဖွင့်လှစ်တဲ့ ပညာရေးဘွဲ့ လေးနှစ်သင်တန်းကို ပထမဦးဆုံး တက်ရောက်ခွင့်ရတဲ့ သင်တန်းအမှတ်စဉ်ဖြစ်ပါတယ်။ နယ်စပ်ဒေသက တိုင်းရင်းသားတွေရဲ့ဘဝ တိုးတက်လာအောင် နိုင်ငံတော်အစိုးရက အလေးအနက်ထား ဆောင်ရွက်ပေးရာမှာ ထိရောက်တဲ့ အထောက်အကူဖြစ်စေဖို့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကို တက္ကသိုလ်အဆင့်မြှင့်တင်ပေးခဲ့ပြီး ပညာရေးလုပ်ငန်းတွေမှာ အားမြှင့်ဆောင်ရွက်နိုင်ဖို့အတွက်ကိုလည်း ပညာရေးဘွဲ့ လေးနှစ်သင်တန်းကို သားတို့တက္ကသိုလ်မှာ တိုးချဲ့ဖွင့်လှစ်ပေးခဲ့ပါတယ်။ နိုင်ငံတော်ရဲ့စီမံပေးမှုနဲ့ ဒေသအကျိုးကို ဆောင်ရွက်လိုတဲ့ သားတို့ ပညာရေးဘွဲ့သင်တန်းကို တက်ရောက်ဆည်းပူးခွင့်ရခဲ့ပါတယ်။ သင်တန်းကာလတစ်လျှောက်လုံး နိုင်ငံတော်ရဲ့ တာဝန်ယူစောင့်ရှောက်မှုနဲ့ အမိတက္ကသိုလ်က လေ့ကျင့်သင်ကြားပေးတဲ့ ပညာရပ်တွေကို သားတို့တတ်မြောက်အောင် သင်ယူနိုင်ခဲ့ပြီး မကြာခင်မှာ နိုင်ငံတော်ကပေးအပ်တဲ့ တာဝန်တွေကို ထမ်းဆောင်ကြရတော့မှာဖြစ်ပါတယ်။ တာဝန်ထမ်းဆောင်ရချိန်မှာ သားတို့အပေါ်ထားရှိတဲ့ နိုင်ငံတော်အစိုးရရဲ့ စေတနာနဲ့ ကျေးဇူးတရားတွေကို အစဉ်ဦးထိပ်ထားပြီး နိုင်ငံတော်ရဲ့ သားကောင်းသမီးမွန်များပီသစွာ ပေးအပ်တဲ့တာဝန်တွေကို ကျေပွန်အောင်ထမ်းဆောင်သွားပါ့မယ်လို့ ကတိပြုတင်ပြအပ်ပါတယ်ခင်ဗျား။

နိုင်ငံတော်ကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံး မျှော်မှန်းတဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးအဖြစ် ရောက်ရှိအောင် ကြိုးပမ်းဖော်ဆောင်ရာမှာ နယ်မြေဒေသတိုးတက်ဖွံ့ဖြိုးရေးကို ဆောင်ရွက်နိုင်မယ့် ပညာတတ်လူငယ်တွေ ပေါ်ထွက်လာအောင် နိုင်ငံတော်အစိုးရက ပညာရေးကဏ္ဍကို အလေးထားပြီး မြှင့်တင်ဆောင်ရွက်ပေးနေတဲ့အတွက် ယခင်ကပညာသင်ယူဖို့ အခက်အခဲရှိတဲ့ နယ်စပ်ဒေသတွေမှာ အခြေခံပညာကျောင်းပေါင်း ၇၉၀ကျော်ဖြစ်ထွန်းလာပြီး ဒေသခံလူငယ် ၁၁၀၀၀၀ကျော်ဟာ အခြေခံပညာတွေကို သင်ယူနေကြပြီ ဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ အဆင့်မြင့်တက္ကသိုလ်ပညာရပ်တွေကိုလည်း မိမိတို့ဒေသတွေမှာပဲ သင်ယူနိုင်အောင် ဒေသအလိုက် တက္ကသိုလ်နဲ့ကောလိပ်တွေကို တိုးချဲ့ဖွင့်လှစ်ပေးထားတဲ့အတွက် အဆင့်မြင့်ပညာတွေကို ကြိုးစားရင်ကြိုးစားသလောက် သင်ယူနိုင်တဲ့အခွင့်အလမ်းတွေ သားတို့ဒေသခံလူငယ်တွေ ရရှိနေကြပြီဖြစ်ပါတယ်။ ဒေသခံလူငယ်တွေအနေနဲ့လည်း ရရှိလာတဲ့ အခွင့်အရေးကို အကျိုးရှိရှိအသုံးချပြီး မိမိဒေသနဲ့ မိမိနိုင်ငံ

ကချင်ပြည်နယ် မန်စီမြို့နယ်မှ လာချစ်တိုင်းရင်းသား မောင် ချန်းဘောမ် က သင်တန်းသား သင်တန်း သူများ ကိုယ်စား ဂါရဝပြုစကား ပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်၏စေတနာနှင့် ကျေးဇူးတရားတွေကို အစဉ်ဦးထိပ်ထားပြီး
နိုင်ငံတော်၏ သားကောင်းသမီးမွန်များပီသစွာ ပေးအပ်သည့်တာဝန်ကျေပွန်ပါမည်

လူငယ်များကို စာတတ်မြောက်စေရန် အသိပညာသာမက ဒေသဖွံ့ဖြိုးရေးအပါအဝင် ဒေသခံများ၏ စားဝတ်နေရေး၊ စီးပွားရေး အခြေခံလိုအပ်ချက်များကို ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်နိုင်စေမည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်း အတတ်ပညာများကိုလည်း သင်ကြားပေးနိုင်စေရမှာဖြစ်ကြောင်း။

သို့မှသာ ဒေသခံတိုင်းရင်းသားကလေးငယ်များ၏ ဘဝရှေ့ရေးခိုင်မာစေပြီး စားဝတ်နေရေး ပြည့်စုံဖူလုံမှု၊ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားမှု အကျိုးရလဒ်ကောင်းများ ဖြစ်ပေါ်လာမှာဖြစ်သကဲ့သို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးလည်း အရှည်တည်တံ့စေမှာဖြစ်ကြောင်း။

ယင်းသို့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဒေသဖွံ့ဖြိုးရေးနှင့်အသက်မွေးဝမ်းကျောင်းအတတ်ပညာများကို ထပ်ဆင့်ဖြန့်ဖြူးနိုင်စေရအောင် မောင်တို့

း လက်တွဲရင်ဆိုင်တွန်းလှန်ပြီး အမျိုးသားရေးအကျိုးစီးပွား မိမိတို့ကိုယ်တိုင်ဆုံးဖြတ်ရွေးချယ်

ာက်လှမ်းနိုင်ရေး မိမိတို့ တိုင်းပြည်လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ စွဲစွဲမြဲမြဲဆုပ်ကိုင်

းအားလုံး အလေးအနက်ယုံကြည်ခံယူကျင့်သုံးလာစေရေး စည်းရုံးရေးမှူးကောင်းများပီပီ ဦးဆောင်စည်းရုံး

တိုးတက်ဖို့ရည်မှန်းချက်နဲ့ ပညာကြိုးစားသင်ယူနေကြတာဟာ နိုင်ငံတော်အစိုးရရဲ့ အမြော်အမြင်ကြီးစွာ စေတနာထားဆောင်ရွက်ပေးမှုအပေါ် ရရှိလာတဲ့ ကောင်းမွန်တဲ့အကျိုးဖြစ်ထွန်းမှုများအဖြစ် တိုင်းရင်းသားအားလုံးက နားလည်ထားကြပါတယ်။ ယခုလို နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ဖို့ ကြိုးပမ်းအားထုတ်နေချိန်မှာ သားတို့ကလည်း ဒေသခံတိုင်းရင်းသားတွေရဲ့ လူမှုစီးပွားရေးဘဝတွေ တိုးတက်ဖွံ့ဖြိုးလာအောင် တစ်ဖက်ကကူညီရင်း တပည့်တွေကိုလည်း နိုင်ငံတော်ကို တည်ဆောက်ကာကွယ်နိုင်စွမ်းရှိတဲ့ ပညာတတ်လူငယ်တွေဖြစ်လာအောင် ပညာရေးကဏ္ဍကနေ အခြေခံကျကျ တစ်တပ်တစ်အားပါဝင်ပြီး စိတ်စေတနာအပြည့်နဲ့ စနစ်တကျပျိုးထောင်ပေးသွားပါ့မယ်ခင်ဗျား။

တက်တက်ကြွကြွပါဝင်ဆောင်ရွက်

သားတို့နိုင်ငံဟာ သယံဇာတပေါကြွယ်ဝတဲ့နိုင်ငံဖြစ်ပါတယ်။ ခေတ်မီပညာတတ်ကျွမ်းတဲ့လူငယ်တွေ နိုင်ငံတော်မှာ တိုးတက်များပြားလာတာနဲ့အမျှ

ဆက်လက်၍ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ)သင်တန်း အမှတ်စဉ်(၃၆)မှ သင်တန်းသားသင်တန်းသူများကိုယ်စား ကချင်ပြည်နယ် မန်စီမြို့နယ်မှ တိုင်းလျှမ်တိုင်းရင်းသူ မသင်းသင်းထွေးက ဂါရဝပြုစကားပြောကြားရာတွင် ဥက္ကဋ္ဌကြီးအနေနဲ့ သမီးတို့ကို ဂါရဝပြုခွင့်ပေးပြီး ဘဝအတွက်အရေးပါတဲ့ ဩဝါဒလမ်းညွှန်မှုများ ချီးမြှင့်ပေးတဲ့အတွက် သမီးတို့အားလုံး ဂုဏ်ယူမဆုံးဖြစ်ကြရပါတယ်။ လမ်းညွှန်မိန့်မှာချက်တွေကိုလည်း လုပ်ငန်းလမ်းညွှန်အဖြစ် အလေးအနက်ခံယူပြီး လိုက်နာဆောင်ရွက်သွားပါ့မယ်လို့ ရိုသေစွာတင်ပြအပ်ပါတယ်ရှင့်။

ဦးလည်မသုန်ထမ်းဆောင်

သမီးတို့တက္ကသိုလ်ကို နိုင်ငံတော်အစိုးရက တိုင်းရင်းသားတွေရဲ့ ဘဝတိုးတက်ဖို့၊ ပြည်ထောင်စုကြီး တိုးတက်ဖို့ဆိုတဲ့ အလွန်မွန်မြတ်တဲ့ ရည်ရွယ်ချက်တွေနဲ့ တည်ထောင်ပေးခဲ့တာ ယခင်နှစ် အောက်တိုဘာလ ၂၀ရက်နေ့မှာ တည်ထောင်ခြင်းအနှစ်(၄၀) ပြည့်မြောက်ခဲ့ပြီဖြစ်ပါတယ်။ နှစ်၄၀ ကာလ တိုးတက်တဲ့ နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်ဖို့ ကြိုးပမ်းအားထုတ်နေချိန်မှာ နိုင်ငံတော်ကရည်မှန်း ဆောင်ရွက်နေတဲ့ ပညာရေးလုပ်ငန်းစဉ်တွေအပေါ် နားလည်သဘောပေါက်စွာနဲ့ သမီးတို့ သင်ယူတတ်မြောက်ခဲ့တဲ့ ပညာရပ်တွေကို အသုံးပြုပြီး နိုင်ငံတော်အတွက်လိုအပ်နေတဲ့ ပညာတတ်လူငယ်တွေကို သမီးတို့ တာဝန်ထမ်းဆောင်ရာဒေသတွေမှာ စိတ်စေတနာအပြည့်နဲ့ လေ့ကျင့်ပျိုးထောင်ပေးသွားပါ့မယ်ရှင်။ တစ်ချိန်တည်းမှာပဲ ဒေသခံပြည်သူတွေကိုလည်း ပညာရေးလုပ်ငန်းစဉ်တွေမှာ စိတ်ရောကိုယ်ပါ ပူးပေါင်းပါဝင်လာအောင် စည်းရုံးဆောင်ရွက်ရင်း သမီးတို့ကိုယ်တိုင်လဲ အရည်အချင်းမြင့်မားတဲ့ ပညာရေးဝန်ထမ်းတွေဖြစ်လာအောင် အမိတက္ကသိုလ်မှာ ဖွင့်လှစ်သင်ကြားပေးနေတဲ့ ဘွဲ့လွန်သင်တန်းတွေကို ဆက်လက်တက်ရောက်ဆည်းပူးပြီး နိုင်ငံတော်ကပေးအပ်တဲ့ တာဝန်တွေကို တိုးတက်ထမ်းဆောင်နိုင်အောင် အစဉ်ကြိုးပမ်းအားထုတ်သွားပါ့မယ်လို့ ကတိပြုတင်ပြအပ်ပါတယ်ရှင့်။

သမီးတို့နိုင်ငံကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကြီးတည်ဆောက်ပေးဖို့ ရည်မှန်းပြီး နိုင်ငံတော်အစိုးရက နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေးဦးတည်ချက်တွေ စနစ်တကျ ချမှတ်အကောင်အထည်ဖော်ပေးနေပါတယ်။ ယခုလိုဆောင်ရွက်ပေးတဲ့အတွက် ယခင်ခေတ်အဆက်ဆက်က လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး စီးပွားရေးဖွံ့ဖြိုးမှုနည်းပါးကာ လူမှုဘဝပြည့်စုံမှုမရှိတဲ့ဒဏ်ကို ခါးစည်းခံခဲ့ရတဲ့ သမီးတို့နယ်စပ်ဒေသတွေဟာ ဒီနေ့မှာ လမ်းပန်းဆက်သွယ်ရေးနဲ့ လူမှုစီးပွားရေးအခြေခံတွေ ကောင်းမွန်လာသလို စိုက်ပျိုးမွေးမြူရေးနဲ့ စက်မှုကဏ္ဍတွေဟာလည်း ဖြစ်ထွန်းလာပြီး စီးပွားရေးဘဝတွေ လျင်မြန်စွာတိုးတက်လာခဲ့ပါတယ်။ ဒေသခံပြည်သူတွေဟာ ငြိမ်းချမ်း

စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ထွန်းရေးလုပ်ငန်းစဉ်များတွင် တိုင်းရင်းသားပြည်သူများကို စည်းရုံးဦးဆောင်ပြီး ကျရာကဏ္ဍက အားကြိုးမာန်တက်ဆောင်ရွက်မည်

လူငယ်တွေရဲ့စွမ်းအားနဲ့အဖိုးတန်သယံဇာတတွေကို ဖော်ထုတ်သုံးစွဲပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတော်ကြီးကို အချိန်တိုအတွင်းမှာ တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ နိုင်ငံတွင်းမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားတွေဟာ ရှေးအစဉ်ဆက်ကတည်းက ပြည်ထောင်စုစိတ်ဓာတ်အခြေခံနဲ့ အေးအတူပူအမျှနေထိုင်လာခဲ့ကြပါတယ်။ ဒီနေ့အချိန်အခါမှာလည်း နိုင်ငံတော်အစိုးရရဲ့ ဦးဆောင်မှုကိုခံယူပြီး ဒေသဖွံ့ဖြိုးရေးနဲ့ နိုင်ငံတော်တိုးတက်ရေးလုပ်ငန်းတွေမှာ စိတ်ရောကိုယ်ပါပူးပေါင်းဆောင်ရွက်နေကြပါတယ်။ အရည်အချင်းပြည့်ဝတဲ့ တိုင်းရင်းသားတွေရဲ့ စည်းလုံးညီညွတ်မှုအားနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးကိုမလွဲမသွေတည်ဆောက်နိုင်မယ်လို့ တိုင်းရင်းသားအားလုံးက ယုံကြည်ထားပါတယ်။ တစ်ဖက်မှာလည်း ကိုလိုနီနယ်ချဲ့ရဲ့သွေးခွဲမှုကြောင့် တစ်ဦးနဲ့တစ်ဦး အထင်အမြင်လွဲမှားပြီး အနေစိမ်းခဲ့ကြတာကို သင်ခန်းစာယူပြီး နိုင်ငံတော်ကို တည်ဆောက်ကာကွယ်ရာမှာ မရှိမဖြစ်လိုအပ်တဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်ကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းထိန်းသိမ်းသွားဖို့ တိုင်းရင်းသားအားလုံးက စွဲမြဲစွာခံယူထားကြပြီးဖြစ်ပါတယ်။ သားတို့နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ထူထောင်နေချိန်မှာ တိုင်းရင်းသားညီအစ်ကိုတွေအားလုံးက ဒီအချိန်ဟာ တိုင်းရင်းသားအားလုံးတစ်စိတ်တစ်ဝမ်းတည်းပူးပေါင်းအားဖြည့် ဆောင်ရွက်ကြရမယ့် အချိန်အခါဖြစ်တယ်လို့ နားလည်သဘောပေါက်စွာနဲ့ စိတ်တူကိုယ်တူပူးပေါင်းဆောင်ရွက်နေကြတာဟာ သားတို့နိုင်ငံအတွက် အဖိုးမဖြတ်နိုင်တဲ့ ရလဒ်ကောင်းများပဲဖြစ်ပါတယ်။ သားတို့အနေနဲ့ နိုင်ငံနဲ့အဝန်း တက်ညီလက်ညီ အကောင်အထည်ဖော်ဆောင်ရွက်နေချိန်မှာ အမျိုးသားညီလာခံကြီးအပါအဝင် နိုင်ငံတော်က ရှေ့ဆက်သွားမယ့်မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ဒေသခံပြည်သူတွေကိုဦးဆောင်ပြီးတက်တက်ကြွကြွ ကျရာကဏ္ဍကနေ ပါဝင်ဆောင်ရွက်သွားပါ့မယ်ခင်ဗျား။

သားတို့ကို နိုင်ငံတော်က မျှော်မှန်းချက်ကြီးစွာနဲ့ စနစ်တကျလေ့ကျင့်ပျိုးထောင်ပေးခဲ့ပါတယ်။ အမိတက္ကသိုလ်မှာတက်ရောက်နေစဉ် ပညာရေးတာဝန်တွေကို အောင်အောင်မြင်မြင်ထမ်းဆောင်နိုင်တဲ့ ပညာရေးဝန်ထမ်းကောင်းတွေဖြစ်လာအောင် စနစ်တကျလေ့ကျင့်ပေးခဲ့သလို ဒေသဖွံ့ဖြိုးရေးခေါင်းဆောင်ငယ်တွေအဖြစ် တာဝန်ယူနိုင်အောင်လည်း လက်တွေ့ကျကျသင်ယူတတ်မြောက်စေခဲ့ပါတယ်။ သင်တန်းဆင်းပြီး သားတို့ဒေသကိုပြန်လည်ရောက်ရှိတာဝန်ထမ်းဆောင်ရချိန်မှာ နိုင်ငံတော်ရဲ့ကျေးဇူးတရားကို သိတတ်စွာဖြင့် သားတို့သင်ယူတတ်မြောက်ခဲ့တဲ့ ပညာရပ်တွေကို အသုံးပြုပြီး နယ်မြေဒေသတွေမှာ လူ့စွမ်းရည်အရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်လာအောင်၊ နယ်မြေဒေသတွေ ဖွံ့ဖြိုးတိုးတက်ပြီး တိုင်းရင်းသားညီအစ်ကိုတွေရဲ့ လူမှုစီးပွားရေးဘဝတွေ တိုးတက်မြင့်မားလာအောင် တိုင်းရင်းသားညီအစ်ကိုတွေကြားမှာ မှန်ကန်တဲ့ အသိအမြင် အတွေးအခေါ်တွေရရှိပြီး ပြည်ထောင်စုစိတ်ဓာတ်တွေ ရှင်သန်ပြန့်ပွားနေအောင် သားတို့အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားပါ့မယ်လို့ ဥက္ကဋ္ဌကြီးနဲ့ အကြီးအကဲများရှေ့မှောက်မှာ အလေးအနက်တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျားဟု ဂါရဝပြုတင်ပြသည်။

ကချင်ပြည်နယ် မန်စီမြို့နယ်မှ တိုင်းလျှမ် တိုင်းရင်းသူ မသင်းသင်းထွေးက သင်တန်းသားသင် တန်း သူများ ကိုယ်စား ဂါရဝပြုစကားပြောကြားစဉ်။ (သတင်းစဉ်)

အတွင်း လေ့ကျင့်ပျိုးထောင်ပေးခဲ့တဲ့ သင်တန်းဆင်း သမီးတို့ အစ်ကိုအစ်မတွေဟာ နိုင်ငံတော်ကပေးအပ်တဲ့ တာဝန်တွေကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြပါတယ်။ သမီးတို့အနေနဲ့လည်း မကြာခင်မှာ အမိတက္ကသိုလ်က ချီးမြှင့်အပ်နှင်းတဲ့ ပညာရေးဘွဲ့ကိုဆွတ်ခူးပြီး နိုင်ငံတော်ရဲ့တာဝန်တွေကို ထမ်းဆောင်ခွင့်ရကြတော့မှာဖြစ်ပါတယ်။ တာဝန်ထမ်းဆောင်ရချိန်မှာ သမီးတို့ရဲ့ အစ်ကိုအစ်မတွေနည်းတူ နိုင်ငံတော်ရဲ့ ယုံကြည်အားထားခြင်းခံရသူများအဖြစ်နဲ့ ပေးအပ်တဲ့ တာဝန်တွေကို ဦးလည်မသုန်ထမ်းဆောင်သွားပါ့မယ်လို့ ကတိပြုတင်ပြအပ်ပါတယ်ရှင့်။

သမီးတို့ကို တာဝန်ထမ်းဆောင်ချိန်မှာ အောင်မြင်တဲ့ပညာရေးဝန်ထမ်းတွေအဖြစ်သာမက မိမိတို့ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာပါ ဦးဆောင်နိုင်တဲ့ ဖွံ့ဖြိုးရေးခေါင်းဆောင်ငယ်တွေဖြစ်လာအောင် တက္ကသိုလ်က စာပေနဲ့ ဆရာအတတ်သင်ဘာသာတွေအပြင် ဖွံ့ဖြိုးရေးနဲ့ အထူးဖွံ့ဖြိုးရေးဘာသာရပ်တွေကို ဂရုတစိုက်သင်ကြားပေးခဲ့ပြီး နိုင်ငံနဲ့လူမျိုးအပေါ် သစ္စာရှိသူတွေ၊ ယုံကြည်ချက်ခံယူချက်ပြည့်ဝသူတွေ၊ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ခိုင်မြဲသူတွေ ဖြစ်လာအောင်လဲ စနစ်တကျလေ့ကျင့်ပျိုးထောင်ပေးခဲ့ပါတယ်။ ဒီနေ့မှာလဲ နိုင်ငံတော်အစိုးရက တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးဆိုတဲ့ ပညာရေးဆိုင်ရာအမျိုးသားရေးမျှော်မှန်းချက်ကို ချမှတ်ကာ ပြောင်းလဲတိုးတက်လာတဲ့ သိပ္ပံနဲ့နည်းပညာတွေ အသုံးပြုပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကို တည်ဆောက်နိုင်စွမ်းရှိတဲ့ ခေတ်ပညာတတ် မျိုးဆက်သစ်လူငယ်တွေ ပေါ်ထွက်လာအောင် ပညာရေးကဏ္ဍကနေ စီမံကိန်းတွေချမှတ်ပြီး စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ပေးနေပါတယ်။ တိုးတက်ရရှိလာတဲ့ အခြေအနေကောင်းတွေကို ထိန်းသိမ်းမြှင့်တင်ပြီး ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးခြင်းနဲ့ ညီညွတ်ခြင်းရဲ့ အသီးအပွင့်တွေကို လက်တွေ့ခံစားနေကြရပြီဖြစ်ပါတယ်။ နယ်စပ်ဒေသတွေ တိုးတက်လာသလို တစ်ချိန်တည်းမှာပဲ နိုင်ငံတစ်ဝန်းလုံး အကြားအလပ်မရှိဖွံ့ဖြိုးအောင် ဒေသကြီး၂၄ခုရဲ့ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပြည်သူတွေ အများဆုံးနေထိုင်တဲ့ ကျေးလက်ဒေသတွေရဲ့ ဖွံ့ဖြိုးရေးကိုပါ အရှိန်အဟုန်နဲ့ အကောင်အထည်ဖော်ဆောင်ရွက်ပေးနေတဲ့အတွက် တိုင်းရင်းသားညီအစ်ကိုတွေကလည်း နိုင်ငံတော်အစိုးရရဲ့စေတနာကို သိမြင်ပြီး လက်တွဲဆောင်ရွက်လာမှုအပြင် ပြည်သူတစ်ရပ်လုံးရဲ့ စိတ်ဝမ်းလက်ညီ ပူးပေါင်းဆောင်ရွက်မှုကြောင့် သမီးတို့နိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍတွေမှာ ထူးကဲတဲ့အခြေအနေကောင်းတွေ၊ အောင်မြင်မှုတွေရရှိနေပြီး တိုင်းရင်းသားပြည်သူတွေ မျှော်မှန်းနေတဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီးဆီကို အရောက်တက်လှမ်းနိုင်တော့မှာဖြစ်တယ်လို့ သမီးတို့အားလုံး ယုံကြည်ထားပါတယ်။

အားကြိုးမာန်တက်ဆောင်ရွက်

ရည်မှန်းချက်ကို အမြန်ဆုံးရောက်ရှိအောင် တက်လှမ်းရာမှာ ရပ်ရွာအေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေး၊ စီးပွားရေးဘဝတောင့်တင်းခိုင်မာပြီး တိုင်းရင်းသားပြည်သူအားလုံး စားဝတ်နေရေးပြည့်စုံရေးနဲ့ လူ့စွမ်းအား အရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးဟာ မရှိမဖြစ်လိုအပ်တဲ့အတွက် နိုင်ငံတော်က မှန်ကန်တဲ့ဦးဆောင်မှုနဲ့ ကြိုးပမ်းအကောင်အထည်ဖော်ပေးနေတာကို ဖွံ့ဖြိုးတိုးတက်ဖို့ စည်းလုံးညီညွတ်ရမယ်ဆိုတဲ့အသိနဲ့ သမီးတို့ တိုင်းရင်းသားအားလုံးက တက်တက်ကြွကြွနဲ့ ပူးပေါင်းဆောင်ရွက်လုပ်ကိုင်နေကြတာဟာ ဘယ်ခေတ်အခါကမှ မမြင်တွေ့ခဲ့ရတဲ့ မြင်ကွင်းပဲဖြစ်ပါတယ်။ ယခုလို အခြေအနေကောင်းများရရှိလာချိန်မှာ သမီးတို့အနေနဲ့လဲ ဒေသရဲ့ ဖွံ့ဖြိုးရေးခေါင်းဆောင်ငယ်များပီပီ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ အောင်မြင်အောင် စိတ်ရောကိုယ်ပါ ကြိုးပမ်းဆောင်ရွက်ရင်း ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းရေးလုပ်ငန်းစဉ်တွေမှာ တိုင်းရင်းသားပြည်သူတွေကို စည်းရုံးဦးဆောင်ပြီး ကျရာကဏ္ဍကနေ အားကြိုးမာန်တက် ဆောင်ရွက်သွားပါ့မယ်လို့ တင်ပြအပ်ပါတယ်ရှင့်။

နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံ့တာဝန်တွေ ရယူခဲ့ချိန်ကစပြီး နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းအောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုခိုင်မာအောင်၊ အရှိန်အဟုန်နဲ့ နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်အောင် မနားမနေကြိုးပမ်းဆောင်ရွက်ပေးလာခဲ့တာ ဒီနေ့ထက်တိုင် စိတ်စေတနာအပြည့်နဲ့ ဆောင်ရွက်ပေးနေဆဲပဲဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ပေးခဲ့တဲ့အတွက် ရရှိလာတဲ့ အောင်မြင်တိုးတက်မှု အခြေအနေတွေဟာ နိုင်ငံနဲ့လူမျိုးအပေါ်ထားရှိတဲ့ မှန်ကန်တဲ့ သစ္စာကြောင့်ပဲဖြစ်တယ်လို့ သမီးတို့တိုင်းရင်းသားအားလုံးက နားလည်ယုံကြည်ထားကြပါတယ်။ ယခုလို နိုင်ငံနဲ့အဝန်း စည်ပင်တိုးတက်လာတာဟာ ငြိမ်းချမ်းသာယာခြင်းရဲ့ အနှစ်သာရများ အမှန်ပင်ဖြစ်ပါတယ်။ ဒါကြောင့်မို့လည်း တိုင်းရင်းသားအားလုံးက ရရှိပြီးတဲ့ ငြိမ်းချမ်းသာယာခြင်းရဲ့ အနှစ်သာရကို တန်ဖိုးထားပြီး ငြိမ်းချမ်းမှုကို အစဉ်တည်တံ့ခိုင်မြဲနေအောင် ထိန်းသိမ်းသွားဖို့နဲ့ ပြည်ထောင်စုကြီးကို သားစဉ်မြေးဆက် အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် စောင့်ရှောက်ကာကွယ်သွားဖို့ သန္နိဋ္ဌာန်ချထားကြပြီး ဖြစ်ပါတယ်။ သမီးတို့ကလဲ တိုင်းရင်းသားတွေအကြားမှာ ဖြစ်ထွန်းနေတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နဲ့ ပြည်ထောင်စုစိတ်ဓာတ်တွေ အစဉ်ရှင်သန်ပြန့်ပွားနေအောင်ဖော်ဆောင်ရင်း ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းလိုက်နာ ကာကွယ်စောင့်ရှောက်နိုင်တဲ့ ပညာရေးဝန်ထမ်း စည်းရုံးရေးမှူးကောင်းများအဖြစ် သမီးတို့ ကြိုးပမ်းဆောင်ရွက်သွားပါ့မယ်လို့ ဥက္ကဋ္ဌကြီးနဲ့ အကြီးအကဲများရှေ့မှောက်မှာ လေးလေးနက်နက်ကတိပြုတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ရှင့်ဟု ဂါရဝပြုတင်ပြသည်။

ထို့နောက် တွေ့ဆုံဂါရဝပြု ဩဝါဒခံယူသည့်အခမ်းအနားကို နံနက်၉နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် သင်တန်းသား သင်တန်းသူများနှင့် ကြီးကြပ်သူ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီး၏ လူမှုကရုဏာလမ်း

အောင်ကျော်ဆန်း (MRCS)

မြန်မာနိုင်ငံကြက်ခြေနီအသင်း

အဌမအကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာညီလာခံ

၂၀၀၅ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်

သူနာပြုတက္ကသိုလ်(ရန်ကုန်)

"ဆင်းရဲဒုက္ခနည်းပါးသက်သာစေရန်" ဆိုသည့် လူမှုကရုဏာရည်မှန်းချက်များကို ဖော်ဆောင်ရန် ၁၉၂၀ ပြည့်နှစ်က စတင်ဖွဲ့စည်းခဲ့သော မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးသည် (၈၅)နှစ်တိုင် သက်တမ်းရှည်ကြာခဲ့ပေပြီ။ ထိုကာလအတွင်း မြန်မာပြည်သူပြည်သားအပေါင်းတို့၏ ကျန်းမာရေးမြှင့်တင်ရန်၊ ရောဂါဘေးတားဆီးရန်နှင့် ဘေးဒုက္ခကျရောက်သူများအား ကူညီရန် စသည့် လုပ်ငန်းကြီးသုံးသွယ်ကို သမိုင်းအစဉ်အဆက် ကြိုးပမ်းထမ်းဆောင်လျက်ရှိပေသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးသည် နိုင်ငံတော်၏ အရန်အင်အားဖြစ်သကဲ့သို့ သက်တမ်းရှည်ကြာသော လူမှုကရုဏာအဖွဲ့ကြီးလည်း ဖြစ်ပေသည်။ မိမိတို့၏ ကြက်ခြေနီ လူမှုကရုဏာလုပ်ငန်းများကို နိုင်ငံတကာစံနှုန်းများနှင့်အညီလှုပ်ရှားဆောင်ရွက်နေသကဲ့သို့ မြန်မာ့ရေမြေသဘာဝ၊ မြန်မာ့သမိုင်းကြောင်းအခြေခံ၊ မြန်မာ့ယဉ်ကျေးမှုဓလေ့စရိုက်စံနှုန်းများ၊ အမျိုးသားရေးဝိသေသထူးခြားချက်များနှင့် ဆီလျော်ညီညွတ်သည့် လူမှုကရုဏာလုပ်ငန်းများကို ကျယ်ပြန့်စွာ ဆောင်ရွက်လျက်ရှိသည်။

"ကြက်ခြေနီ ဆိုသည်မှာ ဘေးအန္တရာယ် ကျရောက်နိုင်သူများနှင့် ဘေးအန္တရာယ်ကျရောက်နေသူများကို ကြက်ခြေနီလှုပ်ရှားမှု၏ အခြေခံမူ(၇)ချက်နှင့်အညီ ကူညီ၊ ကာကွယ်၊ ကယ်ဆယ်၊ စောင့်ရှောက်လျက်ရှိသော စေတနာလုပ်အားရှင်ကို ခေါ်ဆိုပါသည်"

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီလှုပ်ရှားမှု၏ အခြေခံမူ(၇)ချက်မှာ လူမှုကရုဏာဖြင့် စာနာမှု၊ ဘက်မလိုက်မှု၊ ကြားနေမှု၊ လွတ်လပ်စွာ ဆောင်ရွက်မှု၊ စည်းလုံးညီညွတ်မှု၊ စေတနာဖြင့် ဝန်ဆောင်မှုနှင့် ကမ္ဘာတစ်ဝန်းလွှမ်းခြုံမှုတို့ ဖြစ်သည်။

ထိုကြက်ခြေနီ လူမှုကရုဏာလုပ်ငန်းနှင့် ကြက်ခြေနီလှုပ်ရှားမှု၏ အခြေခံမူ(၇)ချက်တို့သည် မည်ကဲ့သို့ ပေါ်ပေါက်လာခဲ့ပါသနည်း။ လူ့သမိုင်းဖြစ်စဉ်တွင် လူသားတို့သည် မိမိတို့ဘဝရှင်သန်မှုအတွက် ကြင်နာမှုနှင့် စာနာမှုတို့ကို အရင်းခံကာ စည်းလုံးညီညွတ်၍ အေးချမ်းသာယာသော လူ့ဘောင်အဖွဲ့အစည်းကို ထူထောင်ခဲ့ကြသည်။ နောင်အခါတွင် လောဘတရားကြောင့် ရန်သူမိတ်ဆွေခွဲခြားဆက်ဆံကာ ပဋိပက္ခများ၊ စစ်ပွဲများ ဖြစ်ပွားလာခဲ့ကြသည်။ ထိုအခါ ရန်သူမိတ်ဆွေမခွဲခြားဘဲ ကြင်နာမှုနှင့် စာနာမှုကို အရင်းခံသော လူမှုကရုဏာလုပ်ငန်းဆိုင်ရာ အဖွဲ့တစ်ခုသည် ဟင်နရီဒူးနန့်၏ ကြိုးပမ်းမှုကြောင့် ကြက်ခြေနီသင်္ကေတနှင့်အတူ ပေါ်ထွန်းခဲ့လေသည်။

"ကြက်ခြေနီအစ ဟင်နရီဒူးနန့်၏ စာနာတတ်သော နှလုံးသားက" "ကြက်ခြေနီ လှုပ်ရှားမှုအစ ဆိုဖာရီနိုစစ်မြေပြင်က"ဟုပင် ကမ္ဘာ့ကြက်ခြေနီသမိုင်းတွင် မှတ်တမ်းတင်ခဲ့ပေသည်။ ကြက်ခြေနီလှုပ်ရှားမှုဆိုသည်မှာလည်း အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)၊အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း(IFRC)နှင့် အမျိုးသား ကြက်ခြေနီအသင်းများပေါင်းစည်းလျက် အထက်ဖော်ပြပါ အခြေခံမူ(၇)ချက်နှင့် အညီ လူမှုကရုဏာလုပ်ငန်းများကို ဆောင်ရွက်ခြင်းပင် ဖြစ်ပါသည်။ ထိုသို့လူသားချင်း စာနာမှုကို အရင်းခံကာ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှုကြီးကိုဖော်ဆောင်ခဲ့ရာ ယနေ့ ၂၀၀၅ခုနှစ်အထိ ၁၈၁နိုင်ငံ ပါဝင်သည့် လူမှုကရုဏာအဖွဲ့အစည်းကြီးတစ်ရပ်အဖြစ် ကမ္ဘာပေါ်တွင်ရပ်တည်လျက်ရှိပေပြီ။

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသည့် ဗြဟ္မစိုရ်တရားလေးပါး ထွန်းကားရာ မြန်မာ့လူ့ဘောင်တွင် ကြက်ခြေနီစိတ်ဓာတ်သည် ရှေးပဝေသဏီကာလကပင် ထွန်းကားခဲ့သည်။ မဟာသုတသောမသုတ္တံ အနက်တွင် "မိမိမျက်မှောက်၊ ဒုက္ခရောက်သဖြင့်၊ ပုံ့ထောက်မဲ့ဟူ၊ ဆင်းရဲသူအား၊ စားသောက်နေရေး၊ ဆေးဝါး ပေးလျက်၊ လုပ်ကျွေးသမှု၊ ကိစ္စစုကို၊ ကိုယ်ချင်းစာနာ၊ သနားညှာလျက်၊ များစွာပုံသေ၊ ပြုစုတတ်ပေ၏ ဟူ၍ ဖွင့်ဆိုထားပေသည်။ ယင်းသုတ်တော်ကောင်း လက္ခဏာတရားတော်မှာ ကြက်ခြေနီ၏အဓိပ္ပာယ်ကို တိုက်ရိုက်ညွှန်းဆိုနေသည်ကို တွေ့မြင်နိုင်သည်။ ကြက်ခြေနီစေတနာ လုပ်အားရှင်နှင့်လူမှုကရုဏာရှင်များကိုလည်း ယင်းသုတ္တံ၏အနက်တွင် "နဂိုမူလ ဓာတ်ခံရသဖြင့်၊ ဘဝနောက်နှောင်း၊ ကောင်းထက်ကောင်းဖို့၊ လမ်းကြောင်း တီထွင် အကြင်ပညာရှင်" ဟု ဖွင့်ဆိုထားပြန်သည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးသည် ကြက်ခြေနီ၏ဖြစ်ထွန်းပေါ်ပေါက်လာသည့် သမိုင်းအစဉ်အလာကောင်းကို ဆက်ခံကာ ရှေ့သို့ဆက်လက်သယ်ဆောင်လျက်ရှိသည်။ အခြားတိုးတက်သော အမျိုးသားကြက်ခြေနီအသင်းများနှင့် ရင်ပေါင်တန်းကာ လူမှုကရုဏာလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိသည်။ စွမ်းဆောင်ရည်ပြည့်ဝသော လူမှုကရုဏာအသင်းကြီးအဖြစ် ရပ်တည်နိုင်အောင်လည်း ရေရှည်စီမံချက်များချမှတ်ဖော်ဆောင်လျက်ရှိသည်။

"ဘေးအန္တရာယ် ကျရောက်လွယ်သူများ၏ ဘဝအခြေအနေကိုလူသားချင်းစာနာမှုစွမ်းအားအရင်းခံ၍ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပါအံ့" ဟူသော ကြက်ခြေနီ မဟာဗျူဟာ ၂၀၁၀ ကို အခြေခံ၍ "မြန်မာနိုင်ငံတစ်ဝန်းလုံးရှိဘေးအန္တရာယ်ကျရောက်လွယ်သူများနှင့် ဘေးအန္တရာယ်ကျရောက်နေသူများအတွက် အများပြည်သူတို့ကိုယ်တိုင် ပါဝင်ဆောင်ရွက်သော လူမှုကရုဏာလုပ်ငန်းများ လုပ်ဆောင်သည့် ထိပ်တန်းအဖွဲ့အစည်းဖြစ်လာစေရန်"ဟူသည့် ရည်မှန်းချက်ကို မြင့်မြင့်မားမား ထားရှိပေသည်။

ဤရည်မှန်းချက်ကိုဖော်ဆောင်မည့် လုပ်ငန်းစဉ်ကိုလည်း "နိုင်ငံတစ်ဝန်းရှိ စေတနာလုပ်အားရှင်များ၏ စွမ်းပကားဖြင့် အန္တရာယ်ကျရောက်လွယ်သူများ၏ လူမှုအဖွဲ့အစည်းများအတွင်း၌ လည်းကောင်း၊ တစ်ဦးချင်းအတွက်လည်းကောင်း၊ ကျန်းမာရေးမြှင့်တင်ရန်နှင့် ဘေးအန္တရာယ်ကင်းဝေးသော ပတ်ဝန်းကျင်ထူထောင်ရန် ကြိုးပမ်းဆောင်ရွက်မည်"၊ "ဘေးဒုက္ခကျရောက်စဉ်၊ ဘေးဒုက္ခကျရောက်နေသူများအား ၎င်းတို့၏ပုံမှန်ဘဝပြန်လည်ရောက်ရှိစေရန် ကူညီဆောင်ရွက်မည်" ဟူ၍ တိတိကျကျချမှတ်ကာ ဖော်ဆောင်လျက်ရှိပေသည်။

အထက်ပါရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များကို မြန်မာနိုင်ငံကြက်ခြေနီအသင်းအလုပ်အမှုဆောင်အဖွဲ့၏ ဦးဆောင်မှုဖြင့် အမှုဆောင်များ၊ ဗဟိုကောင်စီဝင်များ၊ ပြည်နယ်နှင့်တိုင်း ကြက်ခြေနီကြီးကြပ်မှုကော်မတီများ၊ ခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီများ၊ မြို့နယ်ကြက်ခြေနီအသင်းများ၊ နိုင်ငံတစ်ဝန်းရှိ စေတနာလုပ်အားရှင်များ၊ ကြက်ခြေနီလုပ်ငန်း ထာဝစဉ်ရှင်သန်အောင်ပံ့ပိုးနေကြသည့် လူမှုကရုဏာရှင်များ၏စွမ်းပကားဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။ အကောင်အထည်ဖော်လျက်ရှိသော လုပ်ငန်းများမှာ ကျန်းမာရေးနှင့် စောင့်ရှောက်မှုလုပ်ငန်းများ၊ ရှေးဦးပြုစုခြင်းလုပ်ငန်း၊ အိပ်ချ်အိုင်ဗွီ/အိဒ်စ်နှင့် မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်း၊ ကျန်းမာရေးပညာပေးလုပ်ငန်း၊ သွေးလှူရှင်စုဆောင်းရေးလုပ်ငန်း၊ ခြေတုတပ်ဆင်ရေးလုပ်ငန်း၊ ကြက်ခြေနီ အကြောင်းကြားစာလုပ်ငန်း၊ ဘေးဒုက္ခဆိုင်ရာ စီမံခန့်ခွဲရေးလုပ်ငန်း၊ ကျောင်းကြက်ခြေနီလုပ်ငန်းနှင့် ကြက်ခြေနီဘာသာရပ် ပြန့်ပွားရေးလုပ်ငန်းတို့ဖြစ်ကြသည်။

ယင်းလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်နိုင်ရေးနှင့် တိုးတက်အောင်မြင်ရေးအတွက်စီမံခန့်ခွဲရေးဌာန၊ဘဏ္ဍာရေးဌာန၊ ကျန်းမာရေးဌာန၊ဆက်သွယ်ရေးဌာန၊ သင်တန်းဌာန၊ ဘေးဒုက္ခဆိုင်ရာစီမံခန့်ခွဲရေးဌာန၊ ပုံနှိပ်ဌာန၊ မော်တော်ယာဉ်ဌာနတို့ကို ဖွဲ့စည်းကာ ဆောင်ရွက်လျက်ရှိပေသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ဖွဲ့စည်းမှုနှင့်အသင်းဝင်အင်အား စည်းရုံးမှုအခြေအနေမှာ ပြည်နယ်နှင့်တိုင်း ကြက်ခြေနီကြီးကြပ်မှုကော်မတီ ၁၇ခု၊ ခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီ ၆၅ခု၊ မြို့နယ်ကြက်ခြေနီအသင်း ၃၂၄ သင်း၊ တက္ကသိုလ်ကောလိပ်သိပ္ပံ ၃၃သင်း၊ **ရာသက်ပန်အသင်းဝင် ၄၃၅၅၃၊ သာမန်အသင်းဝင် ၃၃၂၆၂၊ ကျောင်းကြက်ခြေနီအသင်းဝင် ၁၀၂၇၆၉နှင့် တပ်ဖွဲ့ဝင် ၂၀၁၂၂၆တို့ ဖြစ်ကြသည်။** သက်တမ်းကာလ ရှည်လျားသည်နှင့်အမျှ စွန့်လွှတ်စွန့်စား အနစ်နာခံမှုများစွာနှင့် လူသားတို့၏ ဘေးဒုက္ခအန္တရာယ် ကာကွယ်ခဲ့ကြသော ကြက်ခြေနီ စေတနာလုပ်အားရှင်၊ ကရုဏာရှင် များစွာလည်း ပေါ်ထွန်းခဲ့သည်။

ကမ္ဘာ့ကြက်ခြေနီ အမြင့်ဆုံးဟင်နရီဒူးနန့်ဆုရှင် ကြက်ခြေနီတပ်ကြပ်ကြီး စိုင်းအောင်လှိုင်မြင့်၊ ဖလောရင့်နိုက်တင်ဂေးဆုရှင်များဖြစ်ကြသော သူနာပြုအုပ်ဆရာမကြီးဒေါ်ခင်အုန်းမြ(ငြိမ်း)၊ သူနာပြုဦးစီးအရာရှိ ဒေါ်အမ်ယောနန်နှင့် သားဖွားဆရာမ ဒေါ်သိန်းရီတို့မှာ မြန်မာနိုင်ငံ၏ ဂုဏ်ကျက်သရေဆောင် မြန်မာကို ကမ္ဘာကသိအောင် စွမ်းဆောင်ခဲ့ကြသည့် ကြက်ခြေနီ လူမှုကရုဏာရှင်များဖြစ်ကြသည်။ ထိုပုဂ္ဂိုလ်တို့၏ မွန်မြတ်သောစေတနာကိုလည်း မြန်မာနှင့် ကမ္ဘာ့လူသားထုတစ်ရပ်လုံးက မြတ်နိုးလေးစား တန်ဖိုးထားလျက်ရှိကြသည်။ ကြက်ခြေနီဆောင်ပုဒ်များ၊ တေးသံများမြန်မာပြည်သူလူထုကြားတွင် ပျံ့လွင့်နေဆဲဖြစ်သကဲ့သို့ စေတနာလုပ်အားရှင်များ၏ လူမှုကရုဏာ လှုပ်ရှားဖော်ဆောင်အောင်မြင်မှုသတင်းများလည်း မွှေးပျံ့ကြိုင်လှိုင်လျက်ရှိသည်။

ယခုအခါ မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးသည် မဟာဗျူဟာစီမံကိန်းရေးဆွဲရေးလုပ်ငန်း(သတ္တမအကြိမ်)၊ အသင်းခွဲများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း၊ လုပ်ဖော်ကိုင်ဖက် အမျိုးသားကြက်ခြေနီအသင်းများ အစည်းအဝေးတို့ကို အောင်မြင်စွာ ဆောင်ရွက်ပြီးဖြစ်ပေရာ မဝေးတော့သော အနာဂတ်ကာလတွင် စွမ်းဆောင်ရည် ပြည့်ဝသော လူမှုကရုဏာအသင်းကြီးအဖြစ် အစဉ်အလာကြီးမား ဂုဏ်သိက္ခာ မြင့်မားစွာရပ်တည်ရင်း နိုင်ငံတကာ ကြက်ခြေနီအဖွဲ့အစည်းများအလယ်တွင် ဝင့်ထည်နိုင်မည် ဖြစ်ပေသည်။

မြင့်မြတ်သည့် စေတနာ လုပ်အားရှင်ဘဝ၊ လူမှုကရုဏာရှင်ဘဝကို ရာသက်ပန်ခံယူပြီး အရည်အသွေးထက်မြက် ထူးချွန်သည့် စွမ်းဆောင်ရည်တို့ဖြင့် ပြည်သူ့အကျိုးပြု ကြက်ခြေနီ လုပ်ငန်းများကို စွမ်းစွမ်းတမံ ဖြည့်ဆည်းဆောင်ရွက်နေသူများကိုလည်းကောင်း၊ ကျင်းပလျက်ရှိသည့် မြန်မာနိုင်ငံကြက်ခြေနီအသင်း အဌမအကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာ ညီလာခံကိုလည်းကောင်း ဤဆောင်းပါးဖြင့် အလေးအမြတ် ဂုဏ်ပြုအပ်ပါသည်။ ။

မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးသည် ကြက်ခြေနီ၏ဖြစ်ထွန်းပေါ်ပေါက်လာသည့် သမိုင်းအစဉ်အလာကောင်းကို ဆက်ခံကာ ရှေ့သို့ဆက်လက်သယ်ဆောင်လျက်ရှိသည်။ အခြားတိုးတက်သော အမျိုးသား ကြက်ခြေနီအသင်းများနှင့် ရင်ပေါင်တန်းကာ လူမှုကရုဏာလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်လျက်ရှိသည်။ စွမ်းဆောင်ရည်ပြည့်ဝသော လူမှုကရုဏာအသင်းကြီးအဖြစ် ရပ်တည်နိုင်အောင်လည်း ရေရှည်စီမံချက်များ ချမှတ်ဖော်ဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံဆရာဝန်အသင်း(ပုသိမ်)ခန်းမကြီးကို ပုသိမ်မြို့အမှတ်၂၂၊ မဟာဗန္ဓုလလမ်းတွင်တည်ဆောက်လျက်ရှိရာ ဇန်နဝါရီ ၂၅ရက်က ပုသိမ်မြို့ အမှတ်၅၂၊ မရမ်းချိုလမ်းနေ ဒေါက်တာစစ်တင်၊ ဇနီးဒေါ်ချိုမော်အေးမိသားစုက အလှူငွေကျပ်နှစ်သိန်း၊ ပုသိမ်မြို့ မြေနုလမ်းနေ ဒေါက်တာမင်းဆောင်၊ ဇနီးဒေါက်တာဒေါ်ခင်ပြုံးမိသားစုက အလှူငွေကျပ်နှစ်သိန်း လှူဒါန်းကြရာ ဆောက်လုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာကြည်မေလော(အရိုးအထူးကု)ဆရာဝန်ကြီးက လက်ခံရယူစဉ်။(က-ပ)

ရန်ကုန်တက္ကသိုလ် သမိုင်းအထူးပြု
ကျောင်းသားကျောင်းသူများ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၈

ရန်ကုန်တက္ကသိုလ် သမိုင်းအထူးပြု ကျောင်းသား ကျောင်းသူများ ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၀၅ ခုနှစ် ဧပြီ ၃ ရက် (တနင်္ဂနွေနေ့)တွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။ လှူဒါန်းလိုသူများသည် ဦးဝင်းနိုင် ဖုန်း-၇၂၃၉၅၈၊ ဦးဝင်းကြွယ် ဖုန်း-၅၂၅၂၁၄၊ ဦးဉာဏ်ဝင်း ဖုန်း-၂၀၃၁၅၄၊ ဦးကျော်ထွန်း ဖုန်း-၀၉-၅၁-၀၃၃၂၆၊ ဒေါ်ခင်အုန်းမူ ဖုန်း-၅၃၆၉၉၆၊ ဦးအောင်ကျော်မင်း ဖုန်း-၉၀-၅၀-၂၀၁၆၃၊ ဦးနန်းအောင် ဖုန်း- ၅၇၉၈၃၈၊ ဒေါ်စိန်ကျင် ဖုန်း-၂၉၂၁၆၄၊ ဦးမြင့်ထူး ဖုန်း-၆၆၅၂၈၆၊ ဦးကိုကိုနိုင် ဖုန်း-၀၉-၅၀-၁၉၄၈၈၊ ဦးမျိုးမြင့် ဖုန်း-၇၂၁၅၂၂၊ ဦးစိုးကျော်သူ ဖုန်း-၀၉-၅၀-၀၇၄၃၀၊ ဦးဌေးမြင့် ဖုန်း-၅၃၉၇၂၂၊ ဦးနေလင်းဦး ဖုန်း-၆၆၇၇၃၇၊ ဦးမျိုးလွင် ဖုန်း-၀၉-၅၁ ၀၃၃၅၅နှင့် ဒေါ်စုစုနိုင် ဖုန်း-၀၉-၅၁-၀၁၇၀၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဇန်နဝါရီ ၂၄ ရက်က ကမာရွတ်မြို့နယ် အမှတ်(၄)အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းအကျိုးတော်ဆောင်နာယက Lucky Man Co., Ltd. မှ ဦးအောင်ဆန်း-ဒေါ်ရင်ရင်မိသားစုက သင်ကြားမှုအထောက်အကူပစ္စည်း ကျပ်သုံးသိန်းခွဲတန်ဖိုးရှိကွန်ပျူတာတစ်လုံး လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြဝင်းက လက်ခံယူစဉ်။ (က-ပ)

ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား ပုသိမ်မြို့၌ ဌာနဆိုင်ရာဝန်ထမ်းများအားတွေ့ဆုံ ဦးစီးဌာနများအလိုက် ထမ်းဆောင်ရမည့်တာဝန်များ လိုက်နာဆောင်ရွက်ရန်မှာကြား

ရန်ကုန် ဇန်နဝါရီ ၂၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် ယနေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်း ပုသိမ်မြို့သို့ရောက်ရှိပြီး အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးတင့်ဆွေနှင့် အတူ ဧရာဝတီတိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံး၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်ဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တိုင်းဦးစီးမှူးများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ တင်ပြချက်များအပေါ် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ဝန်ကြီးက ထပ်မံဖြည့်စွက်ပြီး ဝန်ထမ်းများအနေဖြင့် မိမိတို့ဝန်ကြီးဌာန၊ ဦးစီးဌာနများ အလိုက် ထမ်းဆောင်ရမည့်တာဝန်၊ လုပ်ထုံးလုပ်နည်း၊ စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်များအတိုင်း လိုက်နာ ဆောင်ရွက်ရန်နှင့် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ထား၍ စည်းကမ်း၊ စိတ်ဓာတ်နှင့် မှန်ကန်သောသက်သာချောင်ချိရေး ကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်ပေးကြရန် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၆၉)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၈



ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်းအမှတ်(၆၉)ကို ယနေ့ထုတ်ဝေ ဖြန့်ချိလိုက်သည်။ **(ဝဲပုံ)**

ကြည်အောင်(ကေတုမတီ)၊မောင်မောင်(မုံရွာ)၊ မောင်စိမ်းနောင် (လယ်ဝေး)၊ အေးမျိုးကြည်၊ မင်းနေနွယ်၊ ကောင်းညွှန့်ဝေ(ရေစကြို)၊ ဘွင်းဘွင်း၊ မောင်မောင်ကျော်စိုး(ဒေးဒရဲ)၊ အောင်ဆန်းသိန်း(ပခုက္ကူ)၊ ပိုနေမြ (ဝက်လက်)၊ မြဝတ်ရည် (ကျောက်ဆည်)၊ မောင်နီမြင့်(ပင်လယ်)တို့၏ အဖွင့်ကဗျာများ၊ စောမုံညင်း၊ မကြန်၊ တက္ကသိုလ် တင်ခ၊ မြင့်သိန်းအောင်၊ ဒေါက်တာမတင်ဝင်း၊ချစ်နိုင်(စိတ်ပညာ)၊ ဆရာ ဓမ္မပါလ၊ မောင်မောင်လတ်(နှောင်)၊ ချစ်စံဝင်း၊ ဗိုလ်ကလေးတင့်အောင်၊ ဒေါက်တာလှဖေ၊ မြင်းမူမောင်နိုင်မိုး၊ ချစ်ငယ်(ဒဿန)၊ အောင်ဇင်၊ စိုးမြင့်ငြိမ်း၊ တက္ကသိုလ်သခ်၊ နီငြိမ်း(အညာတက္ကသိုလ်)၊ ချိုမြနွယ်၊ စကုဆွေသစ်၊ မောင်လွမ်းနွယ်(အောင်လံ)၊ ကျော်ဇောဟိန်း(ဒေါပုံ)၊ ကိုသက်(ဇီးကုန်း)၊ စစ်ကိုင်းစိမ်းစိမ်း၊ တက္ကသိုလ်စိုးယဉ်၊ ရမ္မာမြေသန်းဝင်းတို့၏ ဆောင်းပါးများ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ ယုဝတီခင်ဦး၊ မောင်ဆန္ဒ(လယ်ဝေး)၊ ညိုလွမ်းအောင်၊ တက္ကသိုလ်မိုးမြင့်တို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်များ၊ မောင်ဝဏ္ဏ၊ အောင်ရှိန်၊ စိုးစံ၊ လှထွဋ်ဦးတို့၏ ကာတွန်းများအပြင် ဗုဒ္ဓစာဥယျာဉ်၊ တောခလေ့စာပန်းချီ၊ ကလေးတို့အတွက် ကဗျာလက်ဆောင်၊ စာလက်ဆောင်၊ ကဗျာပန်းရုံရိပ်၊ အမျိုးသမီးကဏ္ဍ၊ အားကစားကဏ္ဍ၊ ရုပ်ရှင်ကဏ္ဍ စုံလင်စွာ တင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် အခြားဆိုင်ကြီး များ၊ မန္တလေး၊ ပြည်၊ မကွေး၊ သန်လျင်၊ ကလော၊ တောင်ကြီး၊ မော်လမြိုင်၊ ပျဉ်းမနား၊ ပဲခူး၊ လားရှိုး၊ ဟဲဟိုး၊ ရွှေဘို၊ မအူပင်၊ ကျောက်တန်း၊ ကွမ်းလုံ၊ တန့်ယန်း၊ မူဆယ်၊ ကျိုင်းတုံမြို့နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(က-ပ)**

စိတ်ပညာမိသားစု အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၂၈

တက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းအသီးသီးတို့တွင် စိတ်ပညာ သင်ကြားပေးခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၆ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ယင်းအာစရိယပူဇော်ပွဲသို့ကျောင်းသား၊ ကျောင်းသူဟောင်းများ စုံစုံညီညီ ပါဝင်တက်ရောက်၍ ဂါရဝပြုနိုင်ရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

မဟာစည် ဟိတေသီ ရဟန်းခံ၊ ရှင်ပြုပွဲ

ရန်ကုန် ဇန်နဝါရီ ၂၈

ဗဟန်းမြို့နယ် မဟာစည်သာသနာ့ရိပ်သာ ဟိတေသီအဖွဲ့၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၃၈)ကြိမ်မြောက် မိသားစုစုပေါင်းရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်အလှူတော်မင်္ဂလာကို လာမည့် ဧပြီ ၃ရက်တွင် ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၁၂ရက်မှ မတ် ၁၂ရက်အထိ ဟိတေသီအဖွဲ့ ဒုလ္လဘကော်မတီသို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မင်္ဂလာဒုံမြို့နယ် ကျိုက္ကလော့စေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၈

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် သမိုင်းဝင်ကျိုက္ကလော့စေတီတော်မြတ်ကြီး၏(၄၃)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနားကို အဆိုပါစေတီတော်အာရုံခံတန်ဆောင်းအတွင်း၌ ဇန်နဝါရီ ၂၇ရက် နံနက်၉နာရီတွင် ကျင်းပရာ စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများ၊ ဂေါပကအဖွဲ့၏ နာယကများ၊ မင်္ဂလာဒုံမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်ရီ၊ ဂေါပကဥက္ကဋ္ဌ ဦးခင်မောင်သန်း ဦးဆောင်သော ဂေါပကအဖွဲ့ဝင်များနှင့် စေတီတော် ဝတ်အဖွဲ့များ တက်ရောက်ကြသည်။

ဗုဒ္ဓပူဇနီယပွဲတော်ကို ဇန်နဝါရီ ၂၇ရက်မှ ဖေဖော်ဝါရီ၅ရက်အထိ ၁၀ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၅ရက် ညနေ ၃နာရီတွင် စေတီတော်ရင်ပြင်တော်ပေါ်၌ ဘုရားအမှူးပြုသောသံဃာတော် ၁၀၈ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် ခရီးသွားလုပ်ငန်းဝန်ကြီးများအစည်းအဝေးတက်ရောက်ခဲ့ အာဆီယံသဘောတူညီချက်အကောင်အထည်ဖော်မှုများဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၂၈

မလေးရှားနိုင်ငံ လန်ကာဝီကျွန်း၌ ဇန်နဝါရီ ၂၄ရက် နံနက်ပိုင်းတွင်ကျင်းပသော (၈)ကြိမ်မြောက်အာဆီယံ ခရီးသွားလုပ်ငန်း ဝန်ကြီးများအဆင့်အစည်းအဝေး၌ မလေးရှားနိုင်ငံ ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးက သဘာပတိအဖြစ်ဆောင်ရွက်၍ မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က တွဲဖက်သဘာပတိအဖြစ် ဆောင်ရွက်သည်။ ဆက်လက်၍ (၁၀)ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံမှ ချမှတ်ခဲ့သည့် ခရီးသွားလုပ်ငန်းဆိုင်ရာ အကောင်အထည်ဖော်မှုများ၊ မြေလျှောင်နှင့် ဆူနာမီဒီရေလှိုင်း ရိုက်ခတ်မှုကြောင့် ခရီးသွား လုပ်ငန်းအပေါ် အကျိုးသက်ရောက်မှုနှင့် ပြန်လည်မြှင့်တင်ထူထောင်ရေးလုပ်ငန်းများ၊ အာဆီယံခရီးသွားလုပ်ငန်းများ ပေါင်းစည်းရေးအစီအစဉ်များ၊ ဗီယင်ကျန်းလုပ်ငန်းအစီအစဉ်အရ ခရီးသွားလုပ်ငန်းမြှင့်တင်ဆောင်ရွက်မှုများ၊ အာဆီယံ ခရီးသွားလုပ်ငန်း သဘောတူညီချက် အကောင်အထည်ဖော်မှုများနှင့် ၂၀၀၆ခုနှစ် အာဆီယံခရီးသွားလုပ်ငန်းပြပွဲ ကျင်းပရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

တက်ရောက်

နေ့လယ်ပိုင်းတွင် ကွာလာလမ်ပူ မြို့တော်ဝန်က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ လည်းကောင်း၊ ညနေပိုင်းတွင် မလေးရှားနိုင်ငံ ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးက တည်ခင်းဧည့်ခံသော ညစာစားပွဲသို့လည်းကောင်း ကျန် အဖွဲ့ဝင်နိုင်ငံ ဝန်ကြီးများနှင့်အတူ တက်ရောက်ခဲ့သည်။

ဝန်ကြီးသည် ဇန်နဝါရီ ၂၅ရက် နံနက်ပိုင်းတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံ များနှင့် တရုတ်၊ ဂျပန်၊ ကိုရီးယား သုံးနိုင်ငံတို့၏ စတုတ္ထအကြိမ် ခရီးသွား လုပ်ငန်းဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး နေ့လယ်ပိုင်းတွင် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ခဲ့သည်။ ညနေပိုင်းတွင် အာဆီယံခရီးသွားလုပ်ငန်းပြပွဲ ၂၀၀၅ ၏ပြခန်း(Travel Exchange) ခင်းကျင်းပြသသည့် နေရာကို သွားရောက်ကြည့်ရှုခဲ့သည်။

ကြိုဆိုနှုတ်ဆက်

ဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၂၆ရက် နံနက်ပိုင်းတွင် လန်ကာဝီကျွန်းမှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။ အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့အား ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဦးသန်းရွှေ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဆူနာမီရေလှိုင်းဒဏ်ခံခဲ့ရသည့် လပွတ္တာမြို့နယ် ကျေးရွာခုနစ်ရွာမှ ပြည်သူ ၁၁၃၈ ဦးအား လှူဒါန်းသည့် ငွေကျပ်သုံးသိန်းငါးသောင်းတန်ဖိုးရှိ အဝတ်အထည်များ၊ ကျောင်းသုံးပစ္စည်းများ၊ ဆေးဝါးများနှင့် အလှူငွေကျပ် ငါးသိန်း စုစုပေါင်းတန်ဖိုးငွေကျပ် ရှစ်သိန်းခွဲ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၆ရက်က မြောင်းမြမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးတွင် ကျင်းပရာ အလှူငွေနှင့် ပစ္စည်းများကို မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ကိုယ်စား ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နွဲ့နွဲ့ဝင်းက ပေးအပ်ရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက် ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နန်းမွမ်းခမ်း၊ ပြင်စလူမြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဟန်နှင့် တာဝန်ရှိသူများက လက်ခံယူကြစဉ်။ (ခရိုင်ပြန်/ဆက်)

ချောင်းဦးမြို့နယ် ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့် ငွေကျပ် ၄၅ သိန်း အကုန်အကျခံတည်ဆောက်၊ အိမ်ခြေ ၂၅၀ နေ့စဉ် မီးပေးနိုင်

ရန်ကုန် ဇန်နဝါရီ ၂၈

စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ် အောင်ချမ်းသာကျေးရွာ ဇီဝဓာတ်ငွေ့သုံး အသေးစားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၆ ရက် မွန်းလွဲပိုင်းက ကျင်းပသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

အခမ်းအနားတွင် ဗဟိုအလုပ်အမှုဆောင်က စက်ရုံအဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူးက စက်ရုံကို မီးခလုတ်နှိပ် ဖွင့်လှစ်ပေးကာ စက်ရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ယင်းနောက် အခမ်းအနားဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများနှင့် စစ်ကိုင်းတိုင်းအတွင်း ဖွံ့ဖြိုးတိုးတက်နေမှုများကို ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)** ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရ အေးမြင့်က ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်နေမှုများ၊ လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေးအတွက် နိုင်ငံတော်အပိုင်းမှ ဆောင်ရွက်နေမှုများနှင့် ဒေသခံပြည်သူများကလည်း တစ်နိုင်တစ်ပိုင်ဆောင်ရွက်ရန် လိုအပ်ပုံများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ချောင်းဦးမြို့နယ် အသင်းအတွင်းရေးမှူးက စက်ရုံတည်ဆောက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက စက်ရုံတည်ဆောက်ရေးတွင် ပါဝင်ကူညီခဲ့ကြသော ပညာရှင်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် ဗဟိုအလုပ်အမှုဆောင်က အားကစားပစ္စည်းများနှင့် ကျောင်းသုံးဗလာစာအုပ်များကို ပေးအပ်လှူဒါန်းပြီး တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့က တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

အဆိုပါ ဇီဝဓာတ်ငွေ့သုံး အသေးစား လျှပ်စစ်ဓာတ်အားပေးစက်ရုံကို တိုင်းမှူးက မတည်ငွေကျပ် ငါးသိန်းနှင့် ဘိလပ်မြေအိတ် ၁၀၀၊ ဗဟို အလုပ်အမှုဆောင်က မတည်ငွေကျပ် ၁၀ သိန်း၊ မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက မတည်ငွေကျပ် ၁၀ သိန်းနှင့် ဒေသခံပြည်သူများ၏ စုပေါင်းထည့်ဝင်ငွေများဖြင့် ကျပ် ၄၅ သိန်း အကုန်အကျခံ၍ တည်ဆောက်နိုင်ခဲ့သဖြင့် လျှပ်စစ်ဓာတ်အား ၁၅ ကီလိုဝပ်ထုတ်လုပ်နိုင်ပြီး အိမ်ခြေ ၂၅၀ ခန့်ကို နေ့စဉ် လျှပ်စစ်မီးပေးနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အောင်ဆန်းတပ်ဦးကျောင်းဆရာတော် သာသနာပြုခရီးမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၈

အင်းစိန်မြို့နယ် အောင်ဆန်းမြို့ တောရတပ်ဦးကျောင်းတိုက် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၇၇) ပဓာန နာယက ပြည်တွင်းပြည်ပ သာသနာပြု မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ အရှင်သူမြတ်သည် ဇန်နဝါရီ ၁၆ ရက်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ နေလိုင်းရပ် မြန်မာ–မလေးရှား လူမှုရေးအသင်း အန္တိုင်းမဲ့ခန်းမတွင်လည်းကောင်း၊ ၁၈ ရက်တွင် ကွမ်တန်မြို့ ဦးတင်ကို–ဒေါက်တာဒေါ်မေခင်စိုးတို့၏ နေအိမ်တွင်လည်းကောင်း၊ ၂၀၊ ၂၁ ရက်တွင် ပီနန်မြို့ ဦးဦးစောအောင်–ဒေါ်ရီရီဖြူတို့၏ နေအိမ်တွင်လည်းကောင်း၊ ၂၃ ရက်တွင် ပွန်ချွန်ရပ် သီရိမင်္ဂလာမွေရုံဖွင့်ပွဲတွင်လည်းကောင်း၊ ၂၄ ရက်တွင် မြန်မာသံအမတ်ကြီး ဦးလှမောင်–ဒေါ်သန္တာခင်တို့၏ နေအိမ်တွင်လည်းကောင်း၊ ၂၅ ရက် နံနက်ပိုင်းတွင် ဦးကျော်နု မြန်မာ့ဥယျာဉ်ကုမ္ပဏီလီမိတက်ခန်းမတွင် လည်းကောင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်တရားတော်များကို ဟောကြားပြသပြီး ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိတော်မူကြောင်း သိရသည်။ **(က–ပ)**

အမက(၁၃)ဗဟန်း ဒုတိယတန်း(ခ)မှ မထက်ထက်လင်း၏ မွေးနေ့အလှူအဖြစ် ဇန်နဝါရီ ၃ ရက်က ကြက်သားဆန်ပြုတ်တိုက်ကျွေးရာ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။
(က–ပ)

အိုင်စီတီပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် ဂုဏ်ပြုပွဲ

ရန်ကုန် ဇန်နဝါရီ ၂၈

အီလက်ထရွန်းနစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့နှင့် စတုတ္ထအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်–၂၀၀၅ ကျင်းပရေး ဦးစီးကော်မတီတို့၏ ဦးဆောင်မှုဖြင့် ကျင်းပသော စတုတ္ထအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်–၂၀၀၅ နောက်ဆုံးနေ့ အစီအစဉ်အဖြစ် အိုင်စီတီဆိုင်ရာ ပြိုင်ပွဲများ၊ ဆုချီးမြှင့်ပွဲနှင့် ဂုဏ်ပြုလွှာပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၇ ရက် မွန်းလွဲပိုင်းနှင့် ညနေပိုင်းတို့တွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ မွန်းလွဲပိုင်းတွင် ကျင်းပသည့် Network Game ပြိုင်ပွဲသို့ အီလက်ထရွန်းနစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ကြည့်ရှုအားပေးသည်။

ဆုချီးမြှင့်

ဆုချီးမြှင့်ပွဲနှင့် ဂုဏ်ပြုလွှာပေးအပ်ပွဲအခမ်းအနားတွင် အီလက်ထရွန်းနစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်က အမှာစကားပြောကြားပြီး မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်းလီမိတက်ဥက္ကဋ္ဌ ဦးသိန်းဦးက ကျေးဇူးတင်စကား ပြောကြားသည်။ ယင်းနောက် စတုတ္ထအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်–၂၀၀၅ တွင် အိုင်စီတီပညာရပ်ဆိုင်ရာ Programming၊ Web Development နှင့် Network Game ပြိုင်ပွဲများ၌ ဆုရရှိကြသူများအား အီလက်ထရွန်းနစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် အဖွဲ့ဝင်များက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြပြီး ပြပွဲပြိုင်ပွဲများတွင် အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးကူညီကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ **(သတင်းစဉ်)**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ဌေးဦး ကန်ဇွန်းခုံ လျှပ်စစ်မြစ်ရေတင်စီမံကိန်း ရေပေးဝေမှုကို ကြည့်ရှု စစ်ဆေးစဉ်။ (လယ်ယာ/ဆည်မြောင်း)

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး လျှပ်စစ်မြစ်ရေတင်စီမံကိန်းများ ကြည့်ရှုစစ်ဆေး တောင်သူလယ်သမားများနှင့်တွေ့ဆုံ၊ နွေစပါးအချိန်မီစိုက်ပျိုးရေး မှာကြား

ရန်ကုန် ဇန်နဝါရီ ၂၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းက မကွေးတိုင်း အောင်လံမြို့နယ်ရှိ ဘွက်ကြီးရေလှောင်တမံ ဆည်ရေသောက်ဧရိယာ၌ နွေစပါးဧက ၁၀၀၀ စိုက်ပျိုးဖြစ်ထွန်းမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် ဝန်ကြီးသည် ဧရာဝတီတိုင်း ဟင်္သာတခရိုင် မြန်အောင်မြို့နယ်ရှိ ကန်ဇွန်းခုံ လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး စီမံကိန်းတာဝန်ခံ ဦးသန်းဇော်က ကန်ဇွန်းခုံ လျှပ်စစ်မြစ်ရေတင်စီမံကိန်းအရ ရေပေါ်ရေတင်စနစ်ဖြင့် ဧရာဝတီမြစ်အနောက်ဘက်ကမ်းရှိ စိုက်ပျိုးမြေများကို ရေပေးဝေနိုင်ရန် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် ရေငြိမ်ကန်နှင့် ရေပေးမြောင်းမှ ရေပေးဝေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တောင်သူလယ်သမားများနှင့်တွေ့ဆုံ၍ သီးထပ်စိုက်ပျိုးရေး၊ နွေစပါးအချိန်မီစိုက်ပျိုးရေး မှာကြားဆွေးနွေးကာ ပံ့ပိုးမှုများဆောင်ရွက်ပေးသည်။

ကန်ဇွန်းခုံ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းသည် ယခင်မိုးစပါး တစ်သီးစိုက်ပျိုးနိုင်ခဲ့သည့် မြန်အောင်မြို့နယ်၏ သီးနှံစိုက်ဧကကို နွေစပါးအပါအဝင် သီးထပ်သီးနှံစိုက်ဧကအား တိုးမြှင့်ပေးနိုင်ရန် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ထို့မှတစ်ဆင့် ဝန်ကြီးသည် မြန်အောင်မြို့နယ်ရှိ ငါးပိဆိပ် လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိပြီး ရေပေါ်ရေတင်စက်ကြီးများ ဧရာဝတီမြစ်တွင် ထားရှိမည့်နေရာနှင့် ပင်မရေငြိမ်ကန်၊ ရေပေးတူးမြောင်းများ၊ တူးမြောင်း အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ငါးပိဆိပ် လျှပ်စစ်မြစ်ရေတင် စီမံကိန်းတာဝန်ခံက ရေတင်အမြင့်ပေ ၆၀ ဖြင့် ဧရာဝတီမြစ်မှရေတင်၍ ငါးပိဆိပ်၊ သရက်တော၊ လေးတူး၊ ညောင်တုန်းလဲ၊ ဒေါင်းကျ၊ သခွပ်ကွင်းကျေးရွာအုပ်စုများရှိ လယ်မြေဧက ၇၀၀၀ သို့ ရေပေးရန် စီစဉ်ဆောင်ရွက်နေသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဟင်္သာတခရိုင် မြန်အောင်မြို့နယ်တစ်ဝိုက်၌ ဆောင်ရွက်နိုင်သည့် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများနှင့် ဧရာဝတီတိုင်းအတွင်း ဆောင်ရွက်နိုင်သည့် မြစ်ရေတင်စီမံကိန်းများနှင့်စပ်လျဉ်း၍ စူးစမ်းလေ့လာတွေ့ရှိချက်များကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက လုပ်ငန်းများ အမြန်ပြီးစီးရေး၊ ဒေသတွင်းရှိ တောင်သူလယ်သမားများ လူမှုစီးပွားတိုးတက်ရေးအတွက် ရရှိလာမည့် စိုက်ပျိုးရေကို ထိရောက်စွာအသုံးပြု၍ အထွက်နှုန်း ပိုမိုတိုးတက်ရေး၊ သီးနှံစိုက်ဧကအား မြှင့်မားတိုးတက်ရေး၊ မှန်ကန်သည့် သီးနှံပုံစံချမှတ်စိုက်ပျိုးရေးအတွက် ကူညီပံ့ပိုးရေးတို့ကို မှာကြားသည်။

ယင်းနောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးလှမျိုးက ငါးပိဆိပ် လျှပ်စစ်မြစ်ရေတင်စီမံကိန်းပြီးစီးပါက သီးထပ်စိုက်ပျိုးမည့် သီးနှံပုံစံကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်နယ်နှင့်တိုင်းပြည်ထောင်စုဒိုင်း ရွှေရတုဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပတ်လည်ပွဲစဉ်များ ယနေ့ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၈

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၅ခုနှစ် အကြိမ်(၅၀)မြောက် ပြည်နယ်နှင့်တိုင်းပြည်ထောင်စုဒိုင်း(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ဇန်နဝါရီ၁၄ ရက်မှစတင်၍ ပဲခူးမြို့နှင့် မန္တလေးမြို့တို့၌ ကျင်းပခဲ့ရာ ဇန်နဝါရီ ၂၅ ရက်က ပြီးဆုံးသွားပြီဖြစ်သည်။ ပထမအဆင့် အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စုတစ်ခုစီမှ အုပ်စုပထမနှင့် အုပ်စုဒုတိယရရှိသောအသင်းများ ဒုတိယအဆင့်သို့ တက်ရောက်လာကြသည်။

မန္တလေးမြို့၌ အုပ်စု(က)နှင့် အုပ်စု(ခ)ပွဲစဉ်များကျင်းပခဲ့ရာ အိမ်ရှင် မန္တလေးတိုင်းအသင်းအပါအဝင် လေးသင်းသည် ဒုတိယအဆင့်သို့ တက်ရောက်လာကြသည်။ အုပ်စု(က)၌ မန္တလေးတိုင်းအသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲသရေ ခုနစ်မှတ်ဖြင့်အုပ်စုပထမ၊ မွန်ပြည်နယ်အသင်းက တစ်ပွဲနိုင်၊ နှစ်ပွဲသရေ ငါးမှတ်ဖြင့် အုပ်စုဒုတိယ ရရှိသည်။ တနင်္သာရီတိုင်းအသင်းနှင့် ကချင်ပြည်နယ်တို့အုပ်စုမှ ထွက်သွားရသည်။

အုပ်စု(ခ)၌ လက်ရှိချန်ပီယံ ရန်ကုန်တိုင်းအသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲသရေ ခုနစ်မှတ်ဖြင့် အုပ်စုပထမ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းက တစ်ပွဲနိုင်၊ နှစ်ပွဲသရေ ငါးမှတ်ဖြင့် အုပ်စုဒုတိယရရှိသည်။ ကယားပြည်နယ်အသင်းနှင့် ချင်းပြည်နယ်အသင်းတို့ အုပ်စုမှထွက်သွားရသည်။

ပဲခူးဇုန်

ပဲခူးမြို့၌ အုပ်စု(ဂ)နှင့် အုပ်စု(ဃ)ပွဲစဉ်များကျင်းပခဲ့ရာ အိမ်ရှင် ပဲခူးတိုင်းအသင်းအပါအဝင် လေးသင်းသည် ဒုတိယအဆင့်သို့ တက်ရောက်လာကြသည်။ အုပ်စု(ဂ)၌ ပဲခူးတိုင်းအသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ခြောက်မှတ်ဖြင့် အုပ်စုပထမ၊ ရခိုင်ပြည်နယ်အသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး လေးမှတ်ဖြင့် အုပ်စု ဒုတိယ ရရှိသည်။ ဧရာဝတီတိုင်းအသင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အသင်း တို့ အုပ်စုမှ ထွက်သွားရသည်။ (၄၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း ဘောလုံးပြိုင်ပွဲ၌ ဒုတိယ ရရှိခဲ့သော ဧရာဝတီတိုင်းအသင်းသည် ရခိုင်ပြည်နယ်အသင်းနှင့် လေးမှတ်စီ တူညီသော်လည်း ဂိုးကွာခြားချက်အရ အုပ်စုအဆင့်မှ ထွက်ခဲ့ရခြင်းဖြစ်သည်။

အုပ်စု(ဃ)၌ စစ်ကိုင်းတိုင်းအသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲသရေ ခုနစ်မှတ်ဖြင့် အုပ်စုပထမ၊ မကွေးတိုင်းအသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ခြောက်မှတ်ဖြင့် အုပ်စုဒုတိယ ရရှိသည်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)အသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ အုပ်စုမှ ထွက်သွားရသည်။

ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ဇန်နဝါရီ ၂၉ ရက် **(ယနေ့)**မှ စတင်၍ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။ ဒုတိယအဆင့်အုပ်စုသို့ တက်ရောက်လာသော ရှစ်သင်းကို လေးသင်းစီပါဝင်သော အုပ်စုနှစ်စုခွဲ၍ အုပ်စုပတ်လည်ပွဲစဉ်များ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

ဒုတိယအဆင့် အုပ်စုပွဲစဉ်များ ရေးဆွဲထားပြီးဖြစ်ရာ (ကက)အုပ်စု၌ မန္တလေးတိုင်းအသင်း၊ ပဲခူးတိုင်းအသင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းနှင့် မကွေးတိုင်းအသင်း၊ (ခခ)အုပ်စု၌ စစ်ကိုင်းတိုင်းအသင်း၊ ရခိုင်ပြည်နယ်အသင်း၊ မွန်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းအသင်းတို့ ပါဝင်ကြသည်။

နှစ်ပွဲနှုန်း

ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို တစ်နေ့လျှင် နှစ်ပွဲနှုန်း ကျင်းပသွားမည်ဖြစ်ရာ ပထမပွဲကို မွန်းလွဲ ၂ နာရီ၌လည်းကောင်း၊ ဒုတိယပွဲကို ညနေ ၃နာရီ မိနစ် ၅၀၌လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဒုတိယအဆင့် အုပ်စုပွဲစဉ်များ ရေးဆွဲထားပြီးဖြစ်ရာ ဇန်နဝါရီ ၂၉ရက်တွင် ပထမပွဲအဖြစ် မန္တလေးတိုင်းနှင့် မကွေးတိုင်း၊ ဒုတိယပွဲအဖြစ် ပဲခူးတိုင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ၃၀ ရက်တွင် ပထမပွဲအဖြစ် စစ်ကိုင်းတိုင်းနှင့် ရန်ကုန်တိုင်း၊ ဒုတိယပွဲအဖြစ် ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်၊ ၃၁ ရက်တွင် ပထမပွဲအဖြစ် မကွေးတိုင်းနှင့် ပဲခူးတိုင်း၊ ဒုတိယပွဲ အဖြစ် မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဖေဖော်ဝါရီ ၁ ရက်တွင် ပထမပွဲအဖြစ် ရန်ကုန်တိုင်းနှင့် ရခိုင်ပြည်နယ်၊ ဒုတိယပွဲအဖြစ် စစ်ကိုင်းတိုင်းနှင့် မွန်ပြည်နယ်၊ ၂ ရက်တွင် ပထမပွဲအဖြစ် ပဲခူးတိုင်းနှင့် မန္တလေးတိုင်း၊ ဒုတိယပွဲ အဖြစ် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် မကွေးတိုင်း၊ ၃ ရက်တွင် ပထမပွဲ အဖြစ် ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း၊ ဒုတိယပွဲအဖြစ် မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

အကြိုဗိုလ်လုပွဲစဉ်များကို ဖေဖော်ဝါရီ ၅ရက်နှင့် ၆ရက်တို့တွင်လည်းကောင်း၊ တတိယနေရာလုပွဲကို ဖေဖော်ဝါရီ ၈ရက်တွင်လည်းကောင်း၊ နောက်ဆုံးဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၉ရက်တွင်လည်းကောင်း ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။ အကြိုဗိုလ်လုပွဲစဉ်မှ ဗိုလ်လုပွဲအထိ ပွဲစဉ်များကို လှူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၌ ကျင်းပမည်ဖြစ်သည်။

ရွှေရတုကာလ

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအတွက် ထူးချွန်ထက်မြက်သော မျိုးဆက်သစ်ဘောလုံးသမားများ မွေးထုတ်ပေးနေသည့် ပြည်နယ်နှင့် တိုင်းပြည်ထောင်စုဒိုင်း ဘောလုံးပြိုင်ပွဲ ကို ကျင်းပလာခဲ့သည်မှာ ယခုအထိဆိုလျှင် အကြိမ်(၅၀)မြောက် ရွှေရတုကာလသို့ပင် ရောက်ရှိလာခဲ့ပြီဖြစ်သည်။

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုကာလတွင် ကျင်းပသည့် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း ရွှေရတုဘောလုံးပြိုင်ပွဲကြီးတွင် လက်ရှိချန်ပီယံ ရန်ကုန်တိုင်းအသင်းကပင် ချန်ပီယံဆုကို ဆက်လက်ထိန်းသိမ်းမည်လား၊ ချန်ပီယံအသစ်ပေါ်ထွက်လာမည်လား ဆိုသည်ကို စောင့်မျှော်ကြည့်ရှုကြရမည်ဖြစ်ကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မြောက်ဥက္ကလာပမြို့နယ် ဇမ္ဗူရတနာမြတ် မ ဂ် လာ က ကြီးမှူးကျင်းပသောကလေးပန်းချီပြပွဲနှင့် ကွန်ပျူတာ ပန်းချီ ပြိုင်ပွဲကို ဇန်နဝါရီ ၂၃ ရက်က ယင်းကျောင်း၌ ကျင်းပရာ ပြိုင်ပွဲဝင်များအား သင်တန်းတာဝန်ခံဆရာတော် အရှင်သြဘာသနှင့် ဆရာ ဦးစိုးကိုကို၊ ဦးတင်ထွန်း တို့ ကြည့်ရှုစဉ်။(က-ပ)

မြန်မာ့လက်ရွေးစင်လူငယ်ဘော်လီဘောအသင်း စင်ကာပူအသင်းကိုသုံးပွဲပြတ်နိုင်

ရန်ကုန် ဇန်နဝါရီ ၂၈

မလေးရှားနိုင်ငံတွင် ကျင်းပသည့် အသက်၂၀နှစ်နှင့်အောက် အရှေ့တောင်အာရှလူငယ်ဘော်လီဘောပြိုင်ပွဲ စတုတ္ထနေ့ပွဲစဉ်အဖြစ် ဇန်နဝါရီ၂၇ရက်က ယှဉ်ပြိုင်ရာ မြန်မာ့လက်ရွေးစင် လူငယ်ဘော်လီဘောအသင်းက စင်ကာပူလက်ရွေးစင်လူငယ်ဘော်လီဘော အသင်းကို ၂၅-၁၇၊ ၂၅-၁၄၊ ၂၅-၂၁မှတ်ဖြင့် သုံးပွဲပြတ်အနိုင်ရရှိသည်။

မြန်မာ့လက်ရွေးစင် လူငယ်ဘော်လီဘောအသင်းသည် ထိုင်းလူငယ်ဘော်လီဘောအသင်းနှင့်ကစားရန်သာကျန်ရှိကြောင်း သိရသည်။**(အား/ကာ)**

ဖိုးလပြည့်ကုမ္ပဏီလီမိတက် အရောင်းမြှင့်တင်ရေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၈

ဖိုးလပြည့် ကုမ္ပဏီလီမိတက်၏ Scorpion C-Plus အရောင်းမြှင့်တင်ရေးနှင့် နှစ်ပတ်လည်နေ့အခမ်းအနားကို ယမန်နေ့ည ၇ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ကျင်းပသည်။

အစီအစဉ်အရ ဖိုးလပြည့်ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးသူရလွင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး **(အပေါ်ပုံ)** တစ်ပြည်လုံးနှင့် မန္တလေး၊ ပြည်လုပ်ငန်းခွဲမှတစ်ဆင့် Scorpion C-Plus တစ်မျိုးတည်း ရောင်းချသောဆုနှင့် ရောင်းအားအထူးဆုရရှိကြသူများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

ထို့နောက် မန်နေဂျင်းဒါရိုက်တာ ဦးသူရလွင်က Scorpion C-Plus တစ်ပြည်လုံးရောင်းအား အကောင်းဆုံး ပထမဆုမှ ဒသမဆုအထိ ရရှိကြသူများအား ဂုဏ်ပြုဆုချီးမြှင့်သည်။ **(သတင်းစဉ်)**

အကြိမ်(၄၀)မြောက် ရဲချုပ်ဒိုင်းဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲနှင့်ဗိုလ်လုပွဲစဉ်များကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၈

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဘောလုံးဆပ်ကော်မတီက ကြီးမှူးကျင်းပသည့် အကြိမ်(၄၀)မြောက် ရဲချုပ်ဒိုင်းပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲစဉ်များကို ပဲခူးမြို့ ပဲခူးအားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

ဇန်နဝါရီ၃၀ရက်တွင် ပထမအကြို ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် မကွေးတိုင်းရဲတပ်ဖွဲ့အသင်းနှင့်ဧရာဝတီတိုင်းရဲတပ်ဖွဲ့အသင်း၊ ဇန်နဝါရီ၃၁ရက်တွင် ဒုတိယအကြိုဗိုလ်လုပွဲစဉ်အဖြစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်အသင်းနှင့် ရန်ကုန်တိုင်းရဲတပ်ဖွဲ့အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ၂ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီရုံးခန်း (ဗဟန်း ၃လမ်း မှတ်တိုင်အနီး)တွင် အမှတ် ၅၃၁/ဘီ မာလာမြိုင်ရိပ်သာ ပြည်လမ်း ကမာရွတ်မြို့နယ်နေ (ဦးလှဦး)-ဒေါ်ခင်အုန်းကြင် သားသမီးမြေးတစ်စု၊ဒေါ်ကျင်ကျင်၊ ဦးဌေးလှိုင်-ဒေါ်လှဲလှဲဦးနှင့် ဒေါ်စန္ဒာပပ မိသားစုတို့က ကျပ်သုံးသိန်းကို စာရင်းစစ် ဦးစန်းမင်းသို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အမှတ်(၁) မြို့ပတ် ၅ လမ်း မြို့မရပ်ကွက် ဒလမြို့နေ ကိုဇော်မင်းထွန်းက မွေးနေ့အလှူအဖြစ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် အလှူငွေ ကျပ်ငါးသောင်းကို ဇန်နဝါရီ၁၃ ရက်ကလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းအောင်က လက်ခံယူစဉ်။ (က-ပ)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလအတွက်

နောက်ဆုံးပတ်(တနင်္ဂနွေနေ့)
(၃၀-၁-၂၀၀၅) ရက်နေ့

၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွက်

(၁၃-၂-၂၀၀၅)ရက်နေ့နှင့် (၂၇-၂-၂၀၀၅)ရက်နေ့

စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိမှုပြစ်ဒဏ်ချမှတ်

ရန်ကုန် ဇန်နဝါရီ ၂၈

ရန်ကုန်မူးယစ်အထူးအဖွဲ့မှတပ်ဖွဲ့ဝင်များနှင့် စမ်းချောင်းရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၃ခုနှစ် နိုဝင်ဘာ ၂၆ ရက်တွင် သတင်းအရ စမ်းချောင်းမြို့နယ် ရှင်စောပုလမ်း ပြည်လမ်းနှင့် စမ်းချောင်းလမ်းထောင့်၌ မသင်္ကာဖွယ်တွေ့ရှိရသူ သိန်းထူးအား စစ်ဆေးရှာဖွေရာ ဒဗလျူပိုင် စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ကို ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ ရွှေပြည်သာမြို့နယ် (၇)ရပ်ကွက် ဧရာဝတီ လမ်းနေ ဦးရှိန်တင်၏သား အသက်(၃၀)နှစ်ရှိ သိန်းထူးအား စမ်းချောင်း ရဲစခန်းက မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက် အမှတ် (၆/၂၀၀၃)၊ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က) အရ အမှုဖွင့်အရေးယူခဲ့သည်။

ပြစ်ဒဏ်ချမှတ်

အမှုကို ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးသို့ တရားစွဲ တင်ပို့ခဲ့ရာ ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် တရားခံ သိန်းထူးအား မူးယစ်ဆေးဝါး ရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိမှု ပုဒ်မ၁၉(က)အရ အလုပ်နှင့် ထောင်ဒဏ် အနှစ်(၂၀) ကျခံစေရန် ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေထီးတော်တင်လှူ ဝိဇာတမွေးနေ့မင်္ဂလာကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၈

ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် သာယာရေကျော်ရွာ ရွှေသိဒ္ဓိအောင် သာသနာ့အောင်မြေအတွင်း တည်ထားသော စူဠာမဏိ လောကချမ်းသာစေတီတော်မြတ် ရွှေထီးတော်တင်လှူပွဲနှင့် မိုးကုတ်ဓမ္မကထိက အရှင်ဝိမလဝံသ(ရွှေသိဒ္ဓိအောင်)အပ်ချုပ်မှူးဆရာတော်၏ ဝိဇာတမွေးနေ့အလှူတော်မင်္ဂလာပွဲကို ဖေဖော်ဝါရီ ၁၃ရက် (တနင်္ဂနွေနေ့)တွင် အဆိုပါ သာသနာ့အောင်မြေ၌ကျင်းပမည်ဖြစ်ရာ ဆရာတော်၏ တပည့် ဒါယကာဒါယိကာမများ ကြွရောက်ကြရန် စေတီတော်မြတ်နှင့် ရွှေထီးတော်အလှူရှင် ဦးသိန်းထွန်း- ဒေါ်တင်တင်မြင့်(ထွန်းပွဲရုံ မိသားစု)က ဖိတ်ကြားထားကြောင်း သိရသည်။

(က-ပ)

ကျောက်ဖြူအသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ထူးချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၃ရက်က ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ ရခိုင်ပြည်နယ်မွှောရုံ၌ကျင်းပရာ အသင်းနာယက ဦးမင်းကြည်၊ ဥက္ကဋ္ဌ ဦးဘရွှေတို့က တက္ကသိုလ်ဝင်တန်း စာမေးပွဲ၊ ရခိုင်ပြည်နယ်တွင် ဝိဇ္ဇာဘာသာတွဲဖြင့် ပထမရရှိသူ မစုမွန်အား ပညာရည်ထူးချွန်ဆု ပေးအပ်ချီးမြှင့်စဉ်။ (က-ပ)

မီးသုံးစွဲလျှင် အသိယှဉ်
အစဉ်သတိ အမြဲရှိ

လှိုင်မြို့နယ်အမှတ်(၁၃)ရပ်ကွက်မှ နိုင်ငံသား အရည်အချင်းပြည့်မီသူများအား နိုင်ငံသား စိစစ်ရေးကတ်ပြား ပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၇ရက် က ရပ်ကွက်ရုံး၌ ကျင်းပရာ ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန တိုင်းဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးတင်အောင်၊ လှိုင်မြို့နယ်ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးငွေအောင်တို့က နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်စဉ်။ (က-ပ)

ဇန်နဝါရီ ၂၇ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် တောင်လုံးပြန်ရပ်ကွက် ကိုယ့်အားကိုယ်ကိုး စာပေဥယျာဉ် စာကြည့်တိုက်ဖွင့်ပွဲနှင့် အရှည်တည်တံ့ရေး အထောက်အကူပြုဆွေးနွေးပွဲကို ရပ်ကွက်ရုံးတွင်ပြုလုပ်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကို၊ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြမြနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးသန်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၂၅၉)

မွေးနေ့ဆုတောင်း

(Computer Ph.D(Research))

(B.Sc Zoo),A.G.T.I(E.P)

KARAWEIK GARDEN

KANDAWGYI NATURE PARK

(ညနေ ၅ နာရီ မှ ည ၇ နာရီ)

Hollow Guitar Show Area

Hollow Guitar Show Area

(ညနေ ၅ နာရီ မှ ည ၇ နာရီ)

View Deck

TODAI Japanese Language Training Centre

No.8(A-3), Bo Moe Street, Myay Ni Gone.721563

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သားဖြစ်သူ စိန်ဝင်းမောင်(ခ)ကျုံကျုံးသည် မိဘများကို အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်သဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

ဒေါ်သန်းအေး
၃၉၊ နှင်းဆီကုန်းလမ်း၊ အလုံမြို့နယ်။

သာယာမည်

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

လက်ထပ်မင်္ဂလာ ကျေးဇူးတင်လွှာ

မုံရွာမြို့နေ ဦးကြည်(မြို့နယ်ပညာရေးမှူး၊ ငြိမ်း)-ဒေါ်မြကြည်(အလပြ၊ငြိမ်း)တို့၏ သား

ဗိုလ်မှူးတင်အောင်ထွန်း B.Sc(Physics)

တပ်မတော်(ရေ)

နှင့်

ရန်ကုန်မြို့နေ ဗိုလ်မှူးကျော်ညွန့်(ငြိမ်း၊ ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်)-ဒေါ်ဟန်နွယ်မြင့်တို့၏ သမီး

မပပကျော် B.A(Eco),D.A

လက်ထောက်မန်နေဂျာ(မြန်မာ့စီးပွားရေးဘဏ်)

တို့၏ ၂၂-၁-၂၀၀၅ရက်တွင် Yuzana Garden Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ရောဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မော်သိန်းနှင့် ဇနီး ဒေါ်ခင်သီတာဦးတို့အားလည်းကောင်း၊ ၂၀-၁-၂၀၀၅ရက်တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးချီးမြှင့်ပေးသော တရားရုံးချုပ် တရားသူကြီးဦးခင်မြင့်အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မခင်စန္ဒီသော်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မအေးရူပါ၊ မင်္ဂလာသတို့သားအရန်နှင့် သတို့သမီးအရန်အဖြစ်ဆောင်ရွက်ပေးသော ဗိုလ်ကြီးကျော်ကျော်လင်းနှင့် မသီရိဝင်းမြင့်တို့အားလည်းကောင်း၊တက်ရောက်ချီးမြှင့်ကြသောစစ်ဘက်နယ်ဘက်မှဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်မှူးတင်အောင်ထွန်း-မပပကျော်။

M.A.E Education Centre, The Asia Plaza

- Basic English(Grammer, Writing, Vocabulary)
- Spoken English(Speaking & Listening)
- T.O.E.F.L, I.E.L.T.S
- Intermediate (4 skills)
- Business English
- G C E (English Only)
- Temasek Polytechnic

M.A.E Education Centre

Y.E.S. Language Centre

NEW SAT (VERBAL)

STARTING ON 7 FEB: 2005.

Basic Spoken English : Jan -29,31

Pre-Intermediate English:Jan-29,Feb-7

Intermediate English : Jan 31

Academic Writing Course : Jan 29

ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေး မိုးကောင်းမြို့ ကည်င်မြိုင်ကျေးရွာတွင်စက်ရေတွင်းတူးဖော်

မိုးကောင်း ဇန်နဝါရီ ၁၀

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့်သည် ဒီဇင်ဘာ ၂၆ ရက်က ဆားမော် ကျေးရွာအုပ်စု ကည်င်မြိုင်ကျေးရွာ၌ အဖွဲ့ပိုင် Water Jetဖြင့် တစ်လက်မခွဲ တွင်းတိမ် တူးဖော်မှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းစနစ်တကျရှိစေရေးအတွက် ကြီးကြပ်ဆောင်ရွက်ပေးသည်။ **(ယာပုံ)**

တူးဖော်ဆောင်ရွက်

အဆိုပါ တစ်လက်မခွဲတွင်းတိမ်မှာ ကျေးလက်နေ ပြည်သူများသည် သန့်ရှင်းသော သောက်သုံးရေ သုံးစွဲနိုင်ရန် အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တူးဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **(၄၁၆)**

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဒီဇင်ဘာ ၁၂ရက်က ဆီဆိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူးကျင်းပသည့် ဘန်းဗွီးကျေးရွာအုပ်စု ကျောင်းချယ်ကျေးရွာတွင် ဘ၁၀ ရှေ့ဆောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကျင်းပရာ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးသောင်းရွှေ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မေမေနီ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးယဉ်ထွေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

အောင်ပန်းမြို့၌ ထာဝရအမွေ စာကြည့်တိုက်ဖွင့်

အောင်ပန်း ဇန်နဝါရီ ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့ အမှတ်(၃)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူးပြီး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁ ရက် နံနက်က ရပ်ကွက်ရုံး၌ ကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ညွန့်ရီ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးမြတ်စိုး၊ ရပ်ကွက်ဥက္ကဋ္ဌဦးအောင်သန်းထွန်းတို့က ထာဝရအမွေ စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်မျိုးစုံ ၅၀နှင့် စာပေဝါသနာရှင်များက အလှူငွေနှင့် စာအုပ်မျိုးစုံ ၁၅၀၀ ကို ရပ်ကွက်ဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းကြသည်။ **(ဝ၉၆)**

ဒီဇင်ဘာ ၂ ရက်က ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း မြို့တွင်းဈေးတန်း၊ ရပ်ကွက်ရုံးရှေ့လမ်းကို ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို အမှုဆောင်အရာရှိ ဦးလေးလွင်နှင့် လက်ထောက် အင်ဂျင်နီယာ ဦးညီညီသန့်တို့ ကြည့်ရှုစစ်ဆေးကြစဉ်။

(နယ်စပ်/စည်ပင်)

ကျေးလက် တစ်ခွင် ဖွံ့ဖြိုး စည်ပင်

စည်ပင်သာယာရေးဦးစီးဌာန ဒုတိယအင်ဂျင်နီယာချုပ် ဦးခင်လတ် ဒီဇင်ဘာ ၁၈ရက်က ချင်းပြည်နယ် မင်းတပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ဘုရင့်နောင်လမ်း ကတ္တရာခင်းရန်အတွက် ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးစဉ်။

(နယ်စပ်/စည်ပင်)

လားရှိုးခရိုင်တွင် စာကြည့်တိုက်နှင့် ဆင့်ပွားသင်တန်းများ ဖွင့်လှစ် စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ရှင်းလင်းဆွေးနွေး

လားရှိုး ဇန်နဝါရီ ၅

ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်ခြင်းနှင့် ရေရှည်တည်တံ့ရေးအတွက် စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းအမှတ်စဉ်(၁/၂၀၀၄)နှင့် (၂/၂၀၀၄) တို့ကို လားရှိုးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် ဒီဇင်ဘာ ၁၇ရက်တွင် နမ့်ပေါင် ကျေးရွာအုပ်စု၌ စာကြည့်တိုက် ပညာဆင့်ပွား သင်တန်း (၁/၂၀၀၄) ကိုလည်းကောင်း၊ ဒီဇင်ဘာ ၃၀ရက်က မိုင်းရယ်မြို့နယ် ဟိုယကျေးရွာအုပ်စု၌ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း(၁/၂၀၀၄)ကိုလည်းကောင်း၊ ဒီဇင်ဘာ ၃၁ရက်နေ့တွင် လားရှိုးမြို့နယ် လွယ်ဟောက် ကျေးရွာအုပ်စု၌ စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း(၂/၂၀၀၄)ကိုလည်းကောင်း ဖွင့်လှစ်ကြသည်။

ရေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အုန်းက စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စာကြည့်တိုက် လက်ထောက်(၃) ဒေါ်နန်းသီတာထွေးက စာကြည့်တိုက်မိတ်ဆက်နှင့် စာကြည့်တိုက်နှင့်ပတ်သက်သော အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

ဂန့်ဂေါ ဇန်နဝါရီ ၁၅

ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ ဂန့်ဂေါမြို့နယ်စမိတ်ကျေးရွာအုပ်စု တောင်လုံးကျေးရွာ ကိုယ့်အားကိုယ်ကိုး ဂြိုဟ်တုစာကြည့်တိုက် ဖွင့်ပွဲကို ဒီဇင်ဘာ ၂၉ ရက်နံနက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် တောင်လုံးရွာ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တဝါယမိန္ဒ၊ ကျေးရွာဥက္ကဋ္ဌ ဦးတင်ထွန်းနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန ခာတ်ပုံကျွမ်းကျင်(၂) ဦးကျော်သန်းဆွေတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ကြပြီး ကျေးရွာဥက္ကဋ္ဌက စာကြည့်တိုက် ငွေပဒေသာပင်အတွက် ငွေကျပ်နှစ်သောင်းနှင့် စာကြည့်တိုက်တွင်ထားရှိရန် နေရှင်နယ်အမျိုးအစား ၁၄ လက်မအရွယ်ရုပ်မြင်သံကြားဖမ်းစက်တစ်လုံးကို ဂြိုဟ်တုစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ တောင်လုံးရွာ အခြေခံပညာမူလတန်း ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်စန်းထွေး ထံပေးအပ်လှူဒါန်းသည်။ (၂၇၃)

သံဖြူဇရပ်မြို့တွင် စက်ရေတွင်းဖွင့် ငွေကျပ် ၂၂သိန်းအကုန်အကျခံဆောင်ရွက်ခဲ့

သံဖြူဇရပ် ဇန်နဝါရီ ၂၀

(၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် သံဖြူဇရပ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်ခဲ့သော ကွမ်သတ်ကျေးရွာစက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၉ရက်က ကျင်းပရာ သံဖြူဇရပ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးနှင့်ကွမ်သတ်ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

အဆိုပါစက်ရေတွင်းသည် လေးလက်မတွင်းနက် အမျိုးအစားဖြစ်ပြီး အနက် ၁၈၇ပေ၊ ရေထွက်နှုန်း တစ်နာရီ ရေဂါလန် ၁၅၀၀ထွက်ရှိပြီး စည်ပင်သာယာရေးအဖွဲ့မှ ငွေကျပ် ၁၉သိန်း၊ ကျေးရွာပြည်သူများကငွေကျပ်သုံးသိန်း၊ စုစုပေါင်းကျပ် ၂၂သိန်းအကုန်အကျခံကာ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မော်လမြိုင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာပေဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

မော်လမြိုင် ဇန်နဝါရီ ၂၀

မော်လမြိုင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် Care Myanmar တို့ ပူးပေါင်းကြီးမှူးကျင်းပသော စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၆ ရက်က ပညာရေးကောလိပ် ပညာနီလာခန်းမဆောင်တွင် ကျင်းပသည်။

ရှေးဦးစွာ မော်လမြိုင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်ထွန်း(ကျော်ဟိန်းအောင်)၊ မော်လမြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသိန်းတို့က အမှာစကား ပြောကြားကြပြီး မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ၏ စာဆိုတော်နေ့ သဝဏ်လွှာကို မော်လမြိုင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် ဦးကျော်ဝင်းက ဖတ်ကြားသည်။

ဆက်လက်၍ ဆုပေးပွဲကျင်းပရာ မွန်ပြည်နယ်၊ ပြည်နယ်အုပ်ချုပ်ရေးမှူး(ငြိမ်း) ဦးကျင်ဖေ၊ အကဲဖြတ်အဖွဲ့ဝင် ဒေါက်တာ တိုးတိုးအောင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးသိန်းနှင့် Care Myanmar မှ ဒေါက်တာဆွေဆွေအေးတို့က အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် အသိပညာပေး အကြီးတန်းဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ စာစီ စာကုံးပြိုင်ပွဲ ဆုရသူများအား ဆုများပေးအပ် ချီးမြှင့်သည်။ ယင်းနောက် စာပေဟောပြောပွဲကိုကျင်းပရာ စာရေးဆရာမ မစန္ဒာ၊ စာရေးဆရာမယဉ်မင်းဦးနှင့် စာရေးဆရာ အဏ္ဏဝါစိုးမိုးတို့က စာပေရေးရာ ဟောပြောကြသည်။ **(၁၆၈)**

ဇန်နဝါရီ ၁၂ရက်က ဟုမ္မလင်းမြို့ စံပယ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပရာ လမ်းဖြစ်မြောက်ရေး ကော်မတီဝင် ဒေါ်ကြွေကြွေနှင့် အမှုဆောင်အရာရှိ ဦးသိန်းနိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

မိခင်ကြီးဒေါ်လှကြည်အား အမှူးထား၍ ကွယ်လွန်သူ(ဦးထွန်းလွင်)အား ရည်စူးပြီး ၁၆/မေတ္တာလမ်း၊ ၁၁ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဇနီးဒေါ်မြင့်မြင့် "မြင့်"ပန်းပွတ်လုပ်ငန်း မိသားစုက အလှူငွေကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရပရိယတ္တိစာသင်တိုက် သုဒဿနလမ်း၊ ၁၆/၂ရပ်ကွက် သဃ်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်းသို့လှူဒါန်းရာ အလုပ်အမှုဆောင် ဦးညွန့်သိန်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

သုံးခွမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနက နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဇန်နဝါရီ ၁၉ရက်က ယဉ်းမကန်စံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းခန်းမ၌ ကျင်းပရာ ရန်ကုန်တောင်ပိုင်းခရိုင် ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးနေလင်းက နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်စဉ်။ (က-ပ)

နေခြည်ဦး ကျေးရွာစာကြည့်တိုက်ဖွင့်

ပန်းတနော် ဇန်နဝါရီ ၂၀

ပန်းတနော်မြို့နယ် ရေပေါ်ကြီးကျေးရွာ နေခြည်ဦးကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ၊ စာအုပ်လှူဒါန်းပွဲနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၅ရက်က ရေပေါ်ကြီးကျေးရွာ စာကြည့်တိုက်နှင့် အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) ဦးတင်မြင့်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်လှိုင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးဝင်းမြင့်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ ကျေးရွာရပ်မိရပ်ဖများနှင့် အလှူရှင်များက အလှူငွေကျပ် ၁၀၄၀၀၀နှင့် စာအုပ်မျိုးစုံ ၄၇၀ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ထာဝရဝိပဿနာ တရားစခန်းဖွင့်

ကျောက်ပန်းတောင်း ဇန်နဝါရီ ၁၁

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့ သုံးဆူတန်းမဟာစည်သာသနာ့ရိပ်သာတွင် ၁၃၆၆ ခုနှစ် ပြာသိုလဆန်း ၁ ရက် (ဇန်နဝါရီ ၁၀ရက်)နေ့မှစ၍ ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာနာယက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ပါဠိပါရဂူ ပြည်တွင်းပြည်ပသာသနာပြု ဆရာတော်ဘဒ္ဒန္တဇဋိလက ထာဝရဝိပဿနာတရားစခန်းကို နှစ်လကြာ တရားပြပေးမည်ဖြစ်ရာ တရားအားထုတ်လိုသော ရဟန်း၊ယောဂီ၊ ရှင်ယောဂီ၊ လူယောဂီများ တရားအားထုတ်နိုင်ကြောင်းသိရသည်။

ထာဝရ တရားစခန်း ဖြစ်နိုင်ရန်အတွက် သီဟသုဓမ္မမဏိဇောတဓရ ဦးစိုးသိမ်း-ဒေါ်ဆင်နုမိသားစုက ငွေကျပ်၃၁၀၀၀၀၊ မြန်မာသမားတော်ကြီး ဦးစံသိန်း-ဒေါ်သောင်းခင်တို့က ငွေကျပ် ၂၀၀၀၀၀၊ ဦးသိန်းမြင့်-ဒေါ်စိန်တင်တို့က ငွေကျပ်၅၀၀၀၀၊ ဦးအောင်မြင့်-ဒေါ်တင်မတို့က ငွေကျပ် ၅၀၀၀၀၊ ဦးလုကို-ဒေါ်ခင်နွယ်တို့က ငွေကျပ် ၅၀၀၀၀၊ ဒေါ်တင်တင်(ကျောင်းဆရာမ-ငြိမ်း)က ငွေကျပ် ၅၀၀၀၀နှင့် အလှူရှင် ၈၃ ဦးတို့က ငွေကျပ် ၅၅၅၀၀၀ငွေ စုစုပေါင်း အလှူငွေကျပ် ၁၂၆၆၀၀၀ တို့ကို စုပေါင်းလှူဒါန်းကြကြောင်း သိရသည်။ **(က-ပ)**

အမြို့မြို့ အနယ်နယ် သတင်းများ

လှည်းကူးမြို့နယ် ပြည်တော်သာရပ်ကွက်တွင် ဇန်နဝါရီ ၁၂ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးအောင်ရဲမင်း၊ ရပ်ကွက်မီးဘေးကြိုတင် ကာကွယ်တားဆီးရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ခင်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ တစ်အိမ်တက်ဆင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

ပခုက္ကူမြို့နယ်၌ စာကြည့်တိုက်လုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ပခုက္ကူ ဇန်နဝါရီ ၁

ပခုက္ကူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ စာကြည့်တိုက်လုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၆ရက် နံနက် ၉နာရီက ပခုက္ကူမြို့နယ် ကမ္မ(စံပြ)ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးဝင်းဖေက ပြန်ကြားရေးဝန်ကြီးဌာန၏ လုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုများကိုရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ဝင်းမေက စာကြည့်တိုက် ပညာဆိုင်ရာ ကိစ္စရပ်များကို အသေးစိတ်ရှင်းလင်းပြောကြားရာတက်ရောက်လာကြသည့် ကျေးရွာစာကြည့်တိုက်တာဝန်ခံများက သိရှိလိုသည့် အချက်အလက်များကို ပြန်လည် မေးမြန်းဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ကမ္မ (စံပြ) ကျေးရွာအုပ်စုအနီးရှိ ကျေးရွာအုပ်စု ၁၀ အုပ်စုမှ ကျေးရွာပေါင်း ၂၃ရွာတွင် ဖွင့်လှစ်ပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များမှ တာဝန်ခံများ၊ စိတ်ပါဝင်စားသူများ တက်ရောက် ဆွေးနွေးကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာ့အသံ

၂၉-၁-၂၀၀၅(စနေနေ့) နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ခန္ဓသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၀၉း၄၅ အာဆီယံအစီအစဉ်
၁၀း၀၅ အာယုနှင့် သာစုဆွေးနွေးခန်း
၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (မွေးမြူရေးရာပြန်ကြားလွှာ-၂၀)
၁၁း၃၅ အဘိုးအဘွားအလေးထား (ပုသိမ်မြို့ဘိုးဘွားရိပ်သာ)
၁၂း၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
၁၂း၁၀ ကလေးများအတွက် အင်္ဂလိပ်စာ
၁၃း၁၀ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (အင်္ဂလိပ်စာ)

ညနေပိုင်း

၁၇း၁၅ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုရအစီအစဉ်(ရန်ကုန်တိုင်းမှ ဒေါ်ယဉ်ယဉ်ထွန်းနှင့် ဒေါ်သူဇာအောင်တို့၏ ဓမ္မပူဇာတေး)
၁၇း၃၀ တစ်ပတ်အတွင်းနိုင်ငံတကာသတင်း
၁၇း၄၀ သိမှတ်စရာကွန်ပျူတာ (ကွန်ပျူတာကို သင်ကိုယ်တိုင် တပ်ဆင်နိုင်မည့် နည်းလမ်းကောင်းများ)
၁၇း၄၅ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင်
၁၈း၄၅ နေ့စဉ်သုံးအင်္ဂလိပ်စကားပို့ချချက် (မင်းကျော်မင်းမိသားစု)
၁၉း၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (ချိုကြည်သာတေးသံသွင်းမှ မေတ္တာလက်ဆောင်ပေးပို့သော နွဲ့ယဉ်ဝင်း၏ နှစ် ၄၀ ခရီး အရှိအတိုင်းတေးစီးရီး)
၂၀း၃၀ English Lesson Working Knowledge

ကြည့်မြင်တိုင်မြို့နယ် မကျီးတန်းတောင် ရပ်ကွက် ရွှေလှိုင် လမ်းနေ ဦးဟုတ်စွမ်-ဒေါ်အောင်ခင်ကြူ မိသားစုက အင်းစိန်မြို့ စိန်ရတနာ နာရေး ကူညီ မှု အသင်းသို့ အလှူငွေကျပ် သုံးသိန်း လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးမြသင်းနှင့်အဖွဲ့က လက်ခံရယူစဉ်။ (က-ပ)

ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်း
ဓိဋိတဒါနအလှူရှင်များ

FAME

IMMUGIN®

ဂျင်ဆင်းဆေးတောင့်

- ကမ္ဘာပေါ်တွင် ဆေးအာနိသင် အထက်မြက်ဆုံး Panax ginseng မျိုးစိတ်မှ ထုတ်လုပ်ပါသည်။
- ဦးနှောက်ကြည်လင် စိတ်ရွှင်လန်းစေပြီး မှတ်ဉာဏ်ကောင်းစေသည်။
- ခန္ဓာကိုယ် ခုခံအားတက်စေ၍ ရောဂါပိုးများဝင်ရောက်ခြင်းမှ ကာကွယ်ပေးသည်။
- စိတ်ဖိစီးမှု၊ အားအင်ကုန်ခမ်း ပင်ပန်းနွမ်းနယ်မှုတို့ကို လျင်မြန်စွာ ပျောက်ကင်းစေသည်။
- နာလန်ထ လူမမာများအတွက် အထူးသင့်လျော်ပါသည်။

Business Management Course
Managing Your Career Course
[သင်တန်းနှစ်မျိုးလုံး ၂၀၀၅ ဖေဖော်ဝါရီ ၄ ရက် စမည်။]
MENTOR LMC

Three Star
Air -Con
ရေခဲသေတ္တာ
တပ်ဆင်၊ ပြုပြင်၊ရောင်းဝယ်ရေး
Good Second Air-Con များကို
ဈေးနှုန်းအထူးချိုသာစွာဖြင့်
ရောင်းချပေးနေပါသည်။
Ph- 705784။

M.Sc
B.Sc Year3
IADCS Year2
IDCS Year1
သင့်နောင်ရေးစိတ်အေးရအောင်...
M.Sc (Strategic Business IT)
(Master of Science in Strategic Business IT)
MCC

DUAL TECH
Engineering Training Centre
အင်ဂျင်နီယာသင်တန်းများဖွင့်ပြီ

1. Mechanical
2. Electrical (Motor & Transformer)
3. Civil (Drawing , Estimate, R.C)
4. Welding(Welding & Gas Cutting)
5. CAD/CAM (CNC Programming)
6. Refrigeration & AirCondition (Repair, Design & Estimate)
7. Electronic(TV,VCD,DVD,Amplifire,)
8. Car Electricity & Wiring (A.C,D.C, C.I, E.F.I, Engine Control Circuits)

Phone: 727253, Fax: 729038, E-mail: dualtech@mail4u.com.mm

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၅က/၄၀၂၈ လက်ဝယ်ရှိသူက ယာဉ်မှတ်ပုံတင်မိတ္တူ ပျောက်ဆုံးသွားပါသဖြင့် ကန့်ကွက်လိုသူများသည် ဤသတင်းစာတွင် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန (တိုင်းရုံး) ပုသိမ်သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊တိုင်းရုံး (ပုသိမ်)။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၉က/၅၉၂၆ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ် မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်မိတ္တူ ပျောက်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည်သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၃၀ရက်အတွင်း ကညန၊ ရန်ကုန်တိုင်း၊ ခရိုင်ရုံး (အရှေ့ပိုင်း)သို့လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

ကညန၊ ရန်ကုန်ခရိုင်ရုံး(အရှေ့ပိုင်း)။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဘ/၃၆၂၆ မော်တော်ယာဉ် လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင် စာအုပ်(ကမ–၃)မိတ္တူလျှောက်ထားလာပါသဖြင့်ကန့်ကွက်လိုသူများသည် သတင်းစာကြော်ငြာပါသည့်နေ့မှ ၁၅ရက်အတွင်း ကညန၊ ခရိုင်ရုံး (ကျောက်မဲ) သို့ လာရောက် ဆက်သွယ် ဆောင်ရွက်ပါရန်။

ကညန၊ခရိုင်(ရုံး)ကျောက်မဲ။

အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ သိစေသည့်

အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်–၄၁၊ နည်းဥပဒေ–၁၄)
တောင်ကြီးခရိုင်တရားရုံးတော်၌
၂၀၀၅ ခုနှစ် တရားမအယူခံမှု အမှတ်(၁)

ဒေါ်သိန်းရွှေ	**နှင့်**	ဦးသန်း
အယူခံတရားလို		**အယူခံတရားပြိုင်**

၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့စွဲပါ တောင်ကြီးမြို့နယ်တရားရုံးမှ တရားမကြီးမှု အမှတ် ၅၀/၂၀၀၄ ကို အယူခံမှု။

အယူခံတရားပြိုင် ဦးသန်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် တောင်ကြီးမြို့နယ် တရားရုံးတော်ကချပေးသည့် ဒီကရီကို အယူခံတရားလိုက အယူခံရာ ဤရုံးတော်တွင် မှတ်ပုံစာရင်းတင်သွင်းသည့် ထိုအယူခံမှုကို ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက် (၁၃၆၆ ခုနှစ် တပို့တွဲလဆန်း ၇ရက်)နေ့တွင် ဆိုင်ရန် ဤရုံးတော်ကချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ရွက်ဆောင်ရန် တရားဥပဒေအရခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ မလာမရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်–၄၁၊ နည်းဥပဒေ–၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်–၄၁၊ နည်းဥပဒေ–၂၂ အရ ချိန်းထားသည့်အချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာသွင်းရမည်။

၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်မြင့်ရီ
ဒုတိယခရိုင်တရားသူကြီး
တောင်ကြီးခရိုင်တရားရုံး
ရှမ်းပြည်နယ်။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပြင်ဦးလွင်မြို့ ခဲလယ်ကျောင်းလမ်း အိမ်အမှတ်(၅၂)နေ ဦးသန်းဝေ–ဒေါ်ရွှေရင်တို့၏ သမီးဖြစ်သူ မခင်မေဦးသည် မိဘ၊ မောင်နှမများ၏ ဆန္ဒကိုဆန့်ကျင်၍ အိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စအဝဝ ကိုမျှ တာဝန်မယူကြောင်း ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်း သည်းခံပါ။

ဦးသန်းဝေ–ဒေါ်ရွှေရင်
ပြင်ဦးလွင်မြို့။

အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ၁၀ ရပ်ကွက်၊ ဝင်ဒါမီယာ၊ အောင်မင်းခေါင် ၂လမ်း၊ အမှတ် ၃၂၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆(အီး)၊ မြေကွက်အမှတ် ၁၀၂ စီ ၃၂ ဟု ခေါ်တွင်သော ဧရိယာ(၀ဒသမ၀၃၀)ဧကေအကျယ်ရှိ မြေပိုင်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်ကို လက်ရှိပိုင်ဆိုင် သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေများ ပေးအပ်ထားပြီးဖြစ်သဖြင့် အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ယခု ကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်ခင်စောဦး တရားရုံးချုပ်ရှေ့နေ
လိုင်စင်အမှတ် (၆၇၀၂)
(ရုံး) အမှတ် ၅၀၊ ပထမထပ်(အေ–၁)
ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။

မသန်စွမ်းသူများအတွက် အခွင့်အရေးကောင်း အသက်မွေးဝမ်းကျောင်းပညာ သင်တန်းသားခေါ်ယူခြင်း

အကူအညီပေးရေးနှင့် ပြန်လည် ထူထောင်ရေးအသင်း (AAR)မှ ၂၀၀၅ခုနှစ်(ဒုတိယ) အပတ်စဉ် စက်ချုပ်နှင့်ဆံသ အသက်မွေးပညာသင်တန်းများကို မေလ(၂)ရက်နေ့တွင် ဖွင့်လှစ်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံ အနှံ့အပြားရှိ မသန်စွမ်းသူများလျှောက်ထားနိုင်ပါသည်။ လျှောက်လွှာများကို ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ(၂၈)ရက်နေ့ နောက်ဆုံးထား၍ ပေးပို့နိုင်ပါသည်။(သင်တန်းကြေးနှင့် နေထိုင်စားသောက်စရိတ်ကို(AAR)မှစရိတ်ငြိမ်းတာဝန်ယူပါမည်။ အနည်းဆုံးကုန်ကျသော ခရီးစရိတ်ကိုလည်း ပြန်လည်ထုတ်ပေးပါမည်။)

သင်တန်းကာလ – ၂၀၀၅ခုနှစ် မေလ(၂)ရက်မှ ဩဂုတ်လ(၁၂)ရက်နေ့ထိ။

လူတွေ့ စစ်ဆေးခြင်း– ၂၀၀၅ခုနှစ် ဧပြီလ(၂၈)နှင့်(၂၉)ရက်နေ့။

ဆက်သွယ်ရန်လိပ်စာ – ကိုယ်အင်္ဂါမသန်စွမ်းသူများ သက်မွေးပညာ သင်တန်းကျောင်း (AAR) ကျိုက်ဝိုင်းဘုရားလမ်းနှင့် မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့။
ဖုန်း–၀၁–၆၆၁၇၁၂။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သမီးဖြစ်သူ မချိုချိုလင်း (ခ)ကုလားမသည် မိဘ၏ ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ပြီး ၁၁–၁၂–၂၀၀၄ရက်တွင် ၎င်း၏ သဘောဆန္ဒအလျောက် ပြုလုပ်သွားပါသဖြင့် အမွေစားအမွေခံ သမီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝကို (လုံးဝ) လုံးဝ တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)
ဦးစိန်လေး
၆/မအရ(နိုင်) ၀၀၄၄၈၅
အမှတ်(၁၉၆)၊ ဘုရားကိုင်လမ်း
ကြောင်ငယ်ရပ်၊မြိတ်မြို့။

မင်းလှမြို့နယ်ပက်တန်းလေးကျေးရွာ အလင်းပြကြယ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို ဇန်နဝါရီ ၃ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းတင်၊ မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင် ဦးဇော်ဝေလင်းနှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးသိန်းဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

သောင်ကြီး တွဲဖက်အလယ်တန်းကျောင်း ပညာရေးစုံညီပွဲတော်နှင့် ထူးချွန်ဆုချီးမြှင့်

ညောင်လေးပင် ဇန်နဝါရီ ၁၀

ညောင်လေးပင်မြို့နယ် သောင်ကြီးကျေးရွာတွင် ၂၀၀၄–၂၀၀၅ခု ပညာရေး စုံညီပွဲတော်နှင့် ဘက်စုံ ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက်က တွဲဖက်အခြေခံပညာ အလယ်တန်းကျောင်း တိုးချဲ့ဆောင်တွင် ကျင်းပသည်။

ဆုချီးမြှင့်

အခမ်းအနားတွင် ကျေးရွာ ဥက္ကဋ္ဌ ဦးအောင်ငြိမ်းနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းငွေတို့က အမှာစကားပြောကြားကြပြီး ရန်ကုန်မြို့နေ အလှူရှင် ဦးကျော်ဝ–ဒေါ်မြတ်နွယ်မိသားစုနှင့် ကိုခင်ဝင်း–မမူမူ မိသားစုတို့က ဘက်စုံထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(အောက်ပုံ)**

(က–ပ)



ဇန်နဝါရီ ၂၈ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (ဘီအီးဒီ) သင်တန်းအမှတ်စဉ်(၃၆)မှ သင်တန်းသား သင်တန်းသူများနှင့် ကြီးကြပ်သူ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(သတင်း–ရွှေဖုံး) (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (ဘီအီးဒီ) သင်တန်းအမှတ်စဉ်(၃၆)သင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုညစာတည်ခင်း

ရန်ကုန် ဇန်နဝါရီ ၂၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ)သင်တန်း အမှတ်စဉ်(၃၆)မှ သင်တန်းသား သင်တန်းသူများအား ယနေ့ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံ ဧည့်ခံဆောင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ညနေ ၆ နာရီ ၂၅ မိနစ်တွင် ပြည်သူ့လွှတ်တော်အဆောက်အအုံသို့ ရောက်ရှိလာပြီး ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ) သင်တန်း အမှတ်စဉ်(၃၆)မှ သင်တန်းသား သင်တန်းသူများအား ပြည်သူ့လွှတ်တော်မုခ်ဦးဆောင်ရှိ အမိမြန်မာပြည်ရုပ်တုရှေ့၌ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

စာမျက်နှာ ၃ ကော်လံ ၄ ✻

မြန်မာ့အလင်း ခေါင်းကြီး ဆောင်းပါး အညွှန်း

❐ "သွားဘက်ဆိုင်ရာဆရာဝန်များအားလုံးက နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့် ဆေးပညာရပ်များကို ထိထိရောက်ရောက် အသုံးချပြီး တိုင်းရင်းသားပြည်သူများ၏ သွားနှင့်ခံတွင်း ကျန်းမာရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်"

ခေါင်းကြီး(စာ–၂)

❐ "ကမ္ဘာ့ကြက်ခြေနီ အမြင့်ဆုံးဟင်နရီဒူးနန့်ဆုရှင် ကြက်ခြေနီတပ်ကြပ်ကြီး စိုင်းအောင်လှိုင်မြင့်၊ ဖလောရင့်နိုက်တင်ဂေးဆုရှင်များဖြစ်ကြသော သူနာပြုအုပ်ဆရာမကြီး ဒေါ်ခင်အုန်းမြ(ငြိမ်း)၊ သူနာပြုဦးစီးအရာရှိ ဒေါ်အမ်ယောနန်နှင့် သားဖွားဆရာမ ဒေါ်သိန်းရီတို့မှာ မြန်မာနိုင်ငံ၏ ဂုဏ်ကျက်သရေဆောင် မြန်မာကို ကမ္ဘာကသိအောင် စွမ်းဆောင်ခဲ့ကြသည့် ကြက်ခြေနီ လူမှုကရုဏာရှင်များ ဖြစ်ကြသည်။ "

အောင်ကျော်ဆန်း (MRCS)၏ ဆောင်းပါး(စာ–၁၀)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသား ရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး